မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၅၁)

ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ သွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်မှသန့်ရှင်းရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးအလေးထားသကဲ့သို့ ရေကောင်းရေသန့်ရရှိသုံးစွဲနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီးငါးရပ်တွင် အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့်ဆောင်ရွက်နေ အညစ်အကြေးများစနစ်တကျစွန့်ပစ်၊ ရေကောင်းရေသန့်သုံးစွဲ၊ အစားအစာသန့်ရှင်းရေး ဂရုပြုဆောင်ရွက်လျှင် ဝမ်းလျှောဝမ်းပျက်၊ သန်ကောင်၊ အသည်းရောင်အသားဝါနှင့် ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှုကင်းဝေးမည် လုပ်ငန်းများဆောင်ရွက်ရာတွင် သွင်းအားစုများ၊ ပံ့ပိုးမှုများ၊ စီမံခန့်ခွဲမှုနည်းလမ်းများပိုမိုထည့်သွင်းကျင့်သုံး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် နဝမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

စာမျက်နှာ ၈ ကော်လံ ၁ ●

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း

- ပန်းချီကျောင်းသား ကျောင်းသူလေးများ၏ အဓိကဦးတည်ချက်မှာ ပန်းချီဝါသနာရှင်များ စိတ်ဝင်စားအောင် ရည်ရွယ်၍လည်းကောင်း၊ ပန်းချီပညာ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့အောင် ရည်ရွယ်ပြီး မိမိတို့တတ်မြောက်ထားသည့်ပန်းချီပညာဖြင့် ပန်းချီလောကသို့ စတင်ဝင်ရောက်မည့် ပထမခြေလှမ်းသစ်ဖြစ်။

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) တတိယနှစ် ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြပွဲသတင်း - (စာ-၆)

- ရှမ်းပြည်နယ် (မြောက်ပိုင်း) အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး စီမံကိန်း ရည်မှန်းချက်များ အကောင်အထည် ဖော်နိုင်ရေးအတွက် မိုးစပါးစိုက်ကေ သုံးသိန်းပြည့်မီသည်အထိ ရှာဖွေ ဖော်ထုတ် တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်း အားထုတ်ခဲ့။

အထက်မင်းလှည့်နှင့်အောင်၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင် ဖွံ့ဖြိုးစည်ပင်ဆောင်းပါး - (စာ - ၁၀)

နိုင်ငံတော်ပွင့်လင်းဆုံးအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

မီးဘေးအန္တရာယ် ကင်းဝေးစေရေး ပြည်သူတစ်ရပ်လုံး အထူးဂရုပြုကာကွယ်

လူသားတို့ အသက်ရှင်ရပ်တည်ရေးအတွက် ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးကို အားပြုကြရသည်။ ထိုဓာတ်ကြီးလေးပါးအနက် မီးသည် ချက်ပြုတ်ကြော်လှော်ရာတွင်လည်းကောင်း၊ အလင်းရောင်ရရှိရေးအတွက်လည်းကောင်း၊ အအေးဒဏ်ကို ကာကွယ်ရာတွင်လည်းကောင်း၊ မီး၏ အပူရှိန်ဖြင့် စီးပွားရေးလုပ်ငန်းကြီး၊ငယ်များ လုပ်ဆောင်ကြရာတွင်လည်းကောင်း အလွန်အရေးပါ အသုံးဝင်သည်။ ထိုသို့ လောကကြီးအား အကျိုးပြုသည့် မီးကိုပေါ့ဆစွာ အသုံးချပါက ဒုက္ခအကြီးအကျယ် ရောက်တတ်ပေသည်။ ထို့ကြောင့် သူခိုးခိုးတော့အစုတ်ကျန်၊ မီးခိုးတော့အပြုတ်နှံ့ဟု ပြောစမှတ်ပြုကြသည်။

မီးလောင်မှုဖြစ်စဉ်များကို လေ့လာကြည့်ပါက ဘုရားမီးပူဇော်ရာမှမီးလောင်မှုများ၊ သစ်ရွက်၊ အမှိုက်များ မီးရှို့ရာမှ မီးလောင်မှုများ၊ထမင်းဟင်းချက်ရာ၊ စီးပွားရေးလုပ်ငန်းသုံးရာမှ မီးလောင်မှုများ၊ လျှပ်စစ်မီးခလုတ် မပိတ်မိရာမှ စတင်သော မီးလောင်မှုများ၊ အလုံပိတ်အခန်းအတွင်း အပူငွေ့ပေးမီးသွေးမီးဖို၊ ဖယောင်းတိုင်မီး ထွန်းထားရာမှ မီးလောင်မှုများဟူ၍ တွေ့ရှိရသည်။

တစ်ဦးတစ်ယောက်၊ တစ်အိမ်ထောင်၏ ပေါ့ဆမှုကြောင့် မီးလောင်ပါက ပြည်သူအများ၏ စည်းစိမ်ဥစ္စာများ ဆုံးရှုံးကြရသည်။

အမှိုက်မှတစ်ဆင့် တစ်အိမ်လုံး၊ တစ်ရပ်လုံး၊ တစ်ရွာလုံး မီးဘေးအန္တရာယ် ကျရောက်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ သစ်ရွက်အမှိုက်ခြောက်များအား စုပုံမီးရှို့ခြင်းဖြင့် လေထုညစ်ညမ်းမှုဖြစ်စေသည်။ ထို့ကြောင့် သစ်ရွက်အမှိုက်များအား မီးမရှို့ဘဲ မြေကျင်းထဲ ထည့်သင့်ပေသည်။

မီးလောင်မှုဖြစ်ပွားရခြင်းတွင် အများအားဖြင့် လူတို့၏ပေါ့ဆမှုကြောင့် ဖြစ်တတ်ရာ မီးဖိုနှင့် နံရံ၊ အိမ်အမိုး နီးကပ်စွာ ရှိမနေစေခြင်း၊ မီးဖိုဘေးတွင် သံပြား၊ သွပ်ပြားများ ကာရံထားရှိခြင်း၊ မီးတောက်၊ မီးလျှံ လွန်စွာမတက်အောင် သတိပြုထိန်းသိမ်းခြင်း၊ မီးဖိုကို မြေကျင်းအတွင်းထားရှိခြင်း၊ မီးဖိုပေါ်တွင် တစ်စုံတစ်ခု ချက်ပြုတ်ထားစဉ် ချက်ပြုတ်သူ အိပ်ပျော်နေမှုမျိုး၊ တစ်နေရာရာသို့သွားနေခြင်းမျိုးမှ ရှောင်ကြဉ်ခြင်း၊ မီးဖိုအနီး မီးလောင်လွယ်သည့် ထင်းအမှိုက်များ၊ စားသုံးဆီ၊ ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့်သဘော်ဆေး စသည်များမထားရှိခြင်း၊ ဆီအိုးနှင့် အကြော်ကြော်ရာ၌ ဆီများအငွေ့ထွက်ပြီး အလွန်ပူနေချိန်တွင် မီးဖိုမှ မီးညွန့်တက်ပြီး လောင်ကျွမ်းတတ်ခြင်းစသည်တို့ကို သတိပြုကြရမည်ဖြစ်သည်။

လျှပ်စစ်မီးကိုလည်း အလင်းရောင်အတွက် လည်းကောင်း၊ ချက်ပြုတ်ရာတွင် လည်းကောင်း၊ မီးပူတိုက်ရာတွင် လည်းကောင်း၊ အိမ်အတွင်းရှိ လျှပ်စစ်ပစ္စည်း အသုံးအဆောင်များတွင် တပ်ဆင်အသုံးပြုရာတွင်လည်းကောင်း၊ သံဂဟေဆော်ရာတွင် လည်းကောင်း အသုံးပြုကြပေသည်။ လျှပ်စစ်မီးသုံးရာတွင် သတိပြုရမည့်အချက်မှာ မလိုအပ်လျှင် မီးခလုတ်ပိတ်ထားရန်ပင်ဖြစ်သည်။

ယခုအခါ မြို့ပေါ်များတွင်လည်း အထပ်မြင့် တိုက်ခန်းများနှင့် နေကြရသကဲ့သို့ ကျေးရွာများတွင်လည်း လူမှုစီးပွားတိုးတက်လာသည့်အလျောက် တိုက်ခန်းများဖြင့် နေထိုင်မှုများ များပြားလာသည်။ အလုံပိတ်အခန်းအတွင်း နေထိုင်ကြသူများသည် မီးထွန်းထားသော ဖယောင်းတိုင်၊ မီးခွက်၊ မှန်အိမ် စသည်များအား မီးငြိမ်းသတ်ပြီးမှ အိပ်ရန်၊ အိပ်ခန်းတွင် လေဝင်လေထွက် ရှိနေ စေရန်၊ ဖယောင်းတိုင်၊ မီးခွက်များ ထွန်းသည့်အခါ အောက်ခံသံပြား ကြီးကြီးပေါ်တွင် တင်ထွန်းရန်၊ ဖယောင်းတိုင်၊ မီးခွက်များကို နံရံအနီးကပ်ထွန်းခြင်း၊ နံရံ၏ သစ်သားတန်းပေါ် တင်ထွန်းခြင်းများ မပြုရန်၊ဖယောင်းတိုင်၊ မီးခွက်များအား ခုတင်၊ မွေ့ရာ၊ ခြင်ထောင်အနီး ထွန်းခြင်းမပြုမိရန် အထူး သတိပြု ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

နိုင်ငံတော်သာယာရေးတွင် အဓိကအန္တရာယ်ပေးနေသည့် ရန်သူမှာ မီးပင်ဖြစ်သည်။ မီးကို မဆင်မခြင်သုံးစွဲသဖြင့် နှစ်စဉ် မီးဘေးသင့်၍ ဆုံးရှုံးရသော အသက်၊ အိုးအိမ်၊ စည်းစိမ် ဥစ္စာများ၏ တန်ဖိုးမှာ စာရင်းဇယားချကြည့်ပါက အထူးများပြားသည်ကို တွေ့ရသည်။ ယခုအခါ ဆောင်းရာသီကုန်၍ နွေဦးပေါက်လာခဲ့ပြီဖြစ်သည်။ မြို့ရွာတစ်ခွင် သာယာတင့်တယ်စေရန် မီးဘေးအန္တရာယ် မကျရောက်ရေးသည် အရေးအကြီးဆုံးဖြစ်သည်။

သို့ဖြစ်ရာ**“မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်”**ဟူသော မီးဘေးအန္တရာယ် ကင်းဝေးစေရေး သတိပေးဆောင်ပုဒ်နှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မီးဘေးအန္တရာယ် မကျရောက်စေရေးအတွက် အထူးဂရုပြု ကာကွယ်တားဆီးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၈-၂-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၈။ ပညာခေတ်
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“နန်းတွင်းရတနာ”** (အပိုင်း-၁၅)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“တရားစီရင်ထုံး”** (အပိုင်း-၁၄)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်/ ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး စေတနာညကျောင်းမှ ဆရာ၊ ဆရာမများအားဂုဏ်ပြု

စာမေးပွဲဖြေမည့် ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပစ္စည်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် စေတနာညကျောင်းမှ ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲနှင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ကျောင်းနေအရွယ် ကလေးငယ်များ အားလုံး ရာနှုန်းပြည့် ကျောင်းနေနိုင်ရေးနှင့် ပညာရည်မြင့်မားတိုးတက်စေရေးတို့အတွက် ပညာရေးလုပ်ငန်းအဖွဲ့က ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီးဒေါ်မာမာဝေတို့က ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် စေတနာညကျောင်း၌ မေတ္တာဖြင့် သင်ကြားပြသပေးခဲ့ကြသော ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးက ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဘာသာရပ်ဆိုင်ရာ အထူးထုတ်စာအုပ်များ လှူဒါန်းကြသော သချ်ာဦးသန်းနိုင်၊ ဦးရဲဝေ(မြန်မာစာ)နှင့် ဆရာဒိုး(မြန်မာစာ)တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ပြီး တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက်ထောက်ပံ့ပစ္စည်းများကို ကျောင်းသား၊ကျောင်းသူများကိုယ်စား မခင်လေးမွန်အား ပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား မရွှေရည်ဝတ်မှုန်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေးဦးသူနာပြု ကြက်ခြေနီဆေးသေတ္တာများ လူမှုဝန်ထမ်းဦးစီးဌာနသို့ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

လူမှုဝန်ထမ်းဦးစီးဌာနသို့ Latter day Saint Charities (LDSC)က ရှေးဦးသူနာပြုကြက်ခြေနီ ဆေးသေတ္တာများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၄ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင် Latter day Saint Charities မှ ဌာနေကိုယ်စားလှယ် Mr. Kelvyn Cullimore က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာနရှိ သင်တန်းကျောင်းများသို့ ရှေးဦးသူနာပြု ကြက်ခြေနီ ဆေးသေတ္တာများကို အလှူရှင် Mr. Kelvyn Cullimore & Mrs. Kay Cullimore ၊ Mr. John & Mrs. Sieglinde Wheldon တို့နှင့် ပါဝင်ပူးပေါင်းဆောင်ရွက်သော လူမှု ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဝင်းတို့က ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အထူးအရာရှိ ဗိုလ်မှူးချုပ် သူရစိန်သောင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ**(အပေါ်ပုံ)** ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Ju-Heum သည် ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံမှူး Mr. Jongmoon Choi ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Lee Ju-Heum လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ရွှေပြည်သာနှင့်လှည်းကူးမြို့နယ် အသင်းဝင်များအားတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိ၍ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ကျေးရွာ စည်းရုံးရေးမှူးများ၊ အသင်းဝင်များနှင့်တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အသင်း အတွင်းရေးမှူးက မြို့နယ်အတွင်း လူမှုရေး၊ စည်းရုံးရေးဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင်က နိုင်ငံတော်က ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အသင်းဝင်များ အရည်အချင်းပြည့်ဝရေးနှင့် လူထုအတွင်း စိမ့်ဝင်စည်းရုံးရေးဆောင်ရွက်သွားရန်၊အသင်းကြီးမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများကို အလေးထား လိုက်နာဆောင်ရွက်သွားကြရန်၊ အသင်းဝင်များ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းများကို စနစ်တကျ တက်တက်ကြွကြွ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဗဟိုအလုပ်မှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံ ဆွေးနွေးမှာကြားသည်။ ထို့နောက်ဗဟိုအလုပ်အမှုဆောင်သည် လှည်းကူးမြို့နယ် ကလီထော်ကျေးရွာအရှေ့အနောက် ကျေးရွာချင်းဆက် ငမိုးရိပ်ချောင်းကူးတံတား အရှည်ပေ ၁၅၀၊အကျယ်ခြောက်ပေ လူကူးတံတားနှင့် ကြာကန်ကျေးရွာနှင့် မကျီးကန်ကျေးရွာချင်းဆက် မြေသားလမ်းအရှည် ၅၄၈၆ ပေ၊ အကျယ် ၁၆ ပေရှိ လမ်းကို ကြည့်ရှုပြီး မြေသားလမ်းကို ရာသီမရွေးသွားနိုင်သော ဂဝံလမ်းဖြစ်အောင် ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီရုံးခန်းတွင် ၄(D) ၅၈ ကလောလမ်း မြကန်သာဥယျာဉ်အိမ်ရာ လှိုင်မြို့နယ်နေ မသော်တာဇင် မိသားစုက ကျောင်းဖြစ်မြောက်ရေးအတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၁၉)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ရခိုင်ပြည်နယ်မှ သံဃာတော်အရှင်သူမြတ် ၁၉ ပါး၊ သီလရှင်ဆရာကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ်သုံးဦးတို့၏ (၁၉)ကြိမ်မြောက် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာပွဲကို မတ် ၁၄ ရက်နံနက်တွင် ရန်ကုန်မြို့ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ရခိုင်လူမှုရေးအသင်းအဖွဲ့များနှင့် ရခိုင် အလှူရှင်များ ပူးပေါင်းကျင်းပမည်ဖြစ်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သံဃာတော်အရှင်သူမြတ်များနှင့် သာသနနုဂ္ဂဟဘွဲ့တံဆိပ်ရ ပုဂ္ဂိုလ်များအတွက် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုကြသော သဒ္ဓါကြည်လင်ပါရမီရှင်များသည် ဦးကျော်မင်း ဥက္ကဋ္ဌ ဖုန်း-၀၉-၈၀၃၄၉၆၃၊ ဦးသန်းနိုင် ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၉၉၉-၂၄၃၆၃၊ ဦးဇော်အေးမောင် အတွင်းရေးမှူး ဖုန်း-၀၉၅-၁၄၀၄၀၇၊ ဦးဝင်းမောင် တွဲ/မှူး ဖုန်း-၀၁-၇၀၈၃၁၃ နှင့် ဦးစောသိမ်း ဘဏ္ဍာရေးမှူး ဖုန်း-၀၉၅၀၀၁၃၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၂၁ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၃၈) အခြေခံပညာမူလတန်းကျောင်း ၂၀၀၄-၂၀၀၅ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့သော မယုယုမွန်အား ကျောင်းအုပ်ဆရာမကြီးဒေါ်သိန်းသိန်းအေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ရမ်းဗြဲမြို့နယ် မြို့ဝင်ဆိုင်းဘုတ်ပြုလုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်နေသည့် မြို့ဝင်ဆိုင်းဘုတ်ပြုလုပ်ခြင်း လုပ်ငန်းကို ဇန်နဝါရီ ၁၅ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဦးကျော်ညွှန့်တို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

Nibban Electric & Electronics ၏ Dealer's Night 2006ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

Nibban Electric & Electronics လုပ်ငန်းက ထုတ်လုပ်သော NIBBAN နှင့် ဗဟိုထုတ်ကုန်ပစ္စည်းများကို အထူးဦးစားပေးရောင်းချလျက်ရှိသော အရောင်းကိုယ်စားလှယ်များအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုသည့် Dealer's Night 2006 အခမ်းအနားကို ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ Nibban Electric & Electronics လုပ်ငန်းရှင် ဦးသိန်းကြည် **(အောက်ယာပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အထွေထွေမန်နေဂျာ ဒေါက်တာအောင်သိန်းက အရောင်းဆိုင်ရာ စည်းကမ်းများနှင့် ထုတ်ကုန်ပစ္စည်းအသစ်များဖြစ်သော NIBBAN Auto & Manual Voltage Regulator, NIBBAN Auto Voltage Regulator & Safeguard, NIBBAN Auto Inverter, NIBBAN Digital AVR များ အကြောင်းကို မိတ်ဆက်ရှင်းလင်း၍ အရောင်းကိုယ်စားလှယ်များ၏ အကြံပြုမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဆုများချီးမြှင့်

ထို့အပြင် ၂၀၀၅ ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များနှင့် ရောင်းအားတိုးတက်မှု အကောင်းဆုံးကိုယ်စားလှယ်များအား ဆုများကို ချီးမြှင့်သည်။

ဖြန့်ဖြူးရောင်းချ

Nibban Electric & Electronics လုပ်ငန်းသည် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ISO 9001:2000) လက်မှတ်ရရှိထားပြီး သုံးစွဲသူများ၏ လိုအပ်ချက်ဖြစ်သော အရည်အသွေးမြင့်မားသည့် NIBBAN TV Antenna နှင့် Booster များ၊ NIBBAN Protection Devices, NIBBAN Auto & Manual Voltage Regulator, NIBBAN Auto Voltage Regulator & Safeguard, NIBBAN Auto Inverter, NIBBAN Digital AVR၊ ဗဟိုအင်ဗာတာ၊ ဗဟိုမီးအားမြှင့်စက်နှင့် ဗဟိုဘက်ထရီချာဂျာများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အများပြည်သူရုံးပိတ်ရက်များတွင် လော်ကားဥယျာဉ်ဖွင့်လှစ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို အပတ်စဉ် တနင်္လာနေ့တိုင်း ဥယျာဉ်ပိတ်ပြီး နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိသာ ဥယျာဉ်ဖွင့်လှစ်သော်လည်း ၂၀၀၆ ခုနှစ် မတ် ၂ ရက်(တောင်သူလယ်သမားနေ့)၊ မတ် ၁၃ ရက်(တပေါင်းလပြည့်နေ့)နှင့် မတ် ၂၇ ရက် (တပ်မတော်နေ့)တို့တွင် အများပြည်သူပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၂-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တစ်ကွင်းတစ်စပ်မြစ်ရေတင် လုပ်ငန်း
၇:၁၅	ဝါသနာရှင်စင်မြင့် (ထူးအယ်လင်း၊ မီးမီးခဲ)
၇:၅၅	ပြည်တွင်းသတင်းအကျဉ်း
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	Sport Pro
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	သွန်းလောင်းသံနည်းပညာ
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၀၀	တေးဂီတအစီအစဉ်
၉:၀၅	Sunday Talk
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၁၀	သကြားလုံးစက်ရုံ(ကျောက်ဆည်)
၁၀:၁၅	မိုးလေဝသခန့်မှန်းချက်
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	လူသုံးနည်း သစ်များ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရေး
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	လှပဆန်းသစ်သော မြန်မာ့မင်္ဂလာဝတ်စုံနှင့်ချည်ထည်ဒီဇိုင်းများ
၁၀:၅၅	တေးဂီတအစီအစဉ်
၁၁:၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	လိုက်နာကြပါ
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	အနုပညာကြယ်ပွင့်များနှင့်တွေ့ဆုံခြင်း (ဂရေဟမ်နှင့်တွေ့ဆုံခြင်း)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ရေနွေးကြမ်းနေ့စဉ်သောက်သုံးခြင်းဖြင့် ဦးနှောက်ဆဲလ်များ ပျက်စီးမှုကိုကာကွယ်နိုင် အသက်ကြီးလျှင် ဖြစ်ပေါ်တတ်သည့်ရောဂါများကိုလည်း ဟန့်တားနိုင်

နယူးယောက် ဖေဖော်ဝါရီ ၂၇

လူများအနေဖြင့် ရေနွေးကြမ်းကို နေ့စဉ်ပုံမှန်သောက်သုံးသွားပါက အိုမင်းရင့်ရော်မှုကြောင့်ဖြစ်ပေါ်လာသော စိတ်ဝေဒနာခံစားမှုများမှ လျော့နည်းကျဆင်းစေကြောင်း သုတေသနပညာရှင်များက စမ်းသပ်တွေ့ရှိခဲ့ကြသည်။

သုတေသနပညာရှင်များက ဂျပန်နိုင်ငံသား အသက် ၇၀နှင့် အထက်ရှိသော ရေနွေးကြမ်းသောက်သည့် အမျိုးသားကြီးများနှင့် အမျိုးသမီးကြီးများ ၁၀၀၀ ကျော်ကို လေ့လာသုတေသနပြုခဲ့ကြရာတွင် အသက်အရွယ်ကြီးရင့်သူများသည် ရေနွေးကြမ်း ပုံမှန် သောက်သုံးသွားပါက အိုမင်းရင့် ရော်မှုနှင့်အတူ ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာ ခံစားရမှုများကို ဟန့်တားစေနိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။

ကာကွယ်ပေးနိုင်

ထို့အပြင် ရေနွေးကြမ်းတွင် ပါဝင်သော ဓာတ်ပစ္စည်းအာဟာရများသည် ဦးနှောက်ဆဲလ်များ ပျက်စီးခြင်းကို ကာကွယ်ပေးနိုင်ပြီး စိတ်ကစဉ့်ကလျားရောဂါနှင့် ခြေတုန်လက်တုန်ရောဂါများ ဖြစ်ပွားမှုကိုလည်း ကာကွယ်ပေးနိုင်သည်ဟု ဆိုသည်။

ရေနွေးကြမ်းသောက်သူများပြားသည့် ဂျပန်လူမျိုးများသည် ဥရောပနှင့် မြောက်အမေရိကရှိ နိုင်ငံသားများနှင့် နှိုင်းယှဉ်လျှင် အသက်ကြီးမှ ဖြစ်ပေါ်တတ်သော စိတ်ကစဉ့်ကလျား ရောဂါနှင့် သတိမေ့ရောဂါများ ဖြစ်ပွားမှုမှာ လျော့နည်းနေခြင်းဖြစ်ကြောင်း သိရသည်။

ဖော်ပြထား

ယခုကဲ့သို့ သုတေသနပြုမှုကို ဂျပန်နိုင်ငံရှိ ရေနွေးကြမ်းသောက်သုံးသူ အသက် ၇၀နှင့်အထက် သက်ကြီးရွယ်အို ၁၀၀၃ ဦးအား မကြာမီက အသေးစိတ် မေးမြန်းသုတေသနပြုမှုမှ တွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟု ဂျပန်နိုင်ငံ တိုဟိုကူ တက္ကသိုလ်မှ ဒေါက်တာရှီနီချီ ကူရီယာမာက ဆေးဘက်ဆိုင်ရာ သတင်းထုတ်ပြန် ချက်တစ်ရပ်ဖော်ပြမှုကို အမေရိကန်ဆေးပညာဆိုင်ရာ ဂျာနယ်တစ်စောင်၌ ဖော်ပြထားခြင်း ဖြစ်သည်။

(အင်တာနက်)



အင်္ဂါဂြိုဟ်လေ့လာရေးယာဉ် မတ်၁၀ ရက်တွင် အင်္ဂါဂြိုဟ်သို့ရောက်ရှိမည်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

နာဆာအဖွဲ့က လွှတ်တင်လိုက်သော အင်္ဂါဂြိုဟ် လေ့လာရေးယာဉ် ရီကော်နိုက်ဆင့်အော်ဘစ်တာ **(အပေါ်ပုံ)**သည် ကမ္ဘာမြေမှ ခုနစ်လတာကြာ ခရီးနှင် ပျံသန်းခဲ့ပြီး မတ် ၁၀ ရက်တွင် ဂြိုဟ်နီကြီးခေါ် အင်္ဂါဂြိုဟ်သို့ရောက်ရှိမည်ဖြစ်ကြောင်း နာဆာအာကာသအေဂျင်စီက ဖေဖော်ဝါရီ ၂၄ ရက်၌ ပြောကြားသည်။

ယင်းအင်္ဂါဂြိုဟ်လေ့လာရေးယာဉ်သည် ၂၀၀၅ခုနှစ် ဩဂုတ်၁၂ရက်က ကမ္ဘာမြေမှ ထွက်ခွာသွားရာ ခရီးမိုင်ပေါင်း သန်း ၃၀၀နီးပါး ခရီးနှင် ပျံသန်းခဲ့ပြီဖြစ်ကြောင်း၊ ဂြိုဟ်နီကြီးသို့ရောက်ရန် ခရီးမိုင်ပေါင်း ၁၅သန်းသာလိုတော့ကြောင်း စီမံကိန်းမန်နေဂျာ ဂျိမ်းစ်ဂရေ့ဖ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ရှန်းကြိုး -၆ အာကာသယာဉ်ထိပ်ဖူး

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်းပြည်နယ်ရှိ အာကာသပြခန်းတွင် ပြသထားသော တရုတ်နိုင်ငံ၏ လူလိုက်ပါသည့် ဒုတိယမြောက် ရှန်းကြိုး-၆ အာကာသယာဉ်ထိပ်ဖူးကို ဧည့်ပရိသတ်များ ဖေဖော်ဝါရီ ၂၆ရက်က ကြည့်ရှုလေ့လာနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှလုံးခွဲစိတ် စက်ရုပ်

ဈေး အချိုသာဆုံးဖြင့် ခွဲစိတ်မှုများ ပေးနိုင်မည့် နှလုံးခွဲစိတ် စက်ရုပ်များကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

နှလုံးခွဲစိတ်စက်ရုပ်များ သိပ္ပံပညာရှင်များတီထွင်

လန်ဒန် ဖေဖော်ဝါရီ ၂၇

နှလုံးခုန်နှုန်းကို အချိန်မီအလုပ်လုပ်နိုင်ရန် စက်ရုပ်ခွဲစိတ်ဆရာဝန်များကို သိပ္ပံပညာရှင်များက တီထွင်လိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ပုံမှန်အားဖြင့် နှလုံးရောဂါကြောင့် သွေးခုန်နှုန်း ရုတ်တရက် ရပ်တန့်သွားပါက သွေးပြန်လည် လှည့်ပတ်မှုဖြစ်စေရန် ခွဲစိတ်ဆရာဝန်က ပန့်တစ်ခုကို အသုံးပြု၍ သွေးများ ခန္ဓာကိုယ်အတွင်း လည်ပတ်အောင် ပြုလုပ်ပေးရသည်။

တီထွင်

သို့ရာတွင် လန်ဒန်ရှိ သိပ္ပံပညာရှင်များက နှလုံးခုန်ခြင်းနှင့်ပတ်သက်သည့် ခွဲစိတ်စက်ရုပ်များနှင့် ဆော့ဖ်ဝဲလ်ကို တီထွင်လိုက်ပြီဖြစ်သည်။

အဆိုပါဆော့ဖ်ဝဲလ်၏ အသေးစိတ်ကို ဂျော့စ်မိုင်လိုနက်နှင့် ခွဲစိတ်ဆရာဝန် ရာဂျက်အဂ္ဂါဝေါတို့က တီထွင်ခဲ့ပြီး လွန်ခဲ့သော သီတင်းပတ်က ဘာမင်ဂမ်၌ကျင်းပသည့် ဆေးဘက်ဆိုင်ရာ နည်းပညာသုံး ပစ္စည်းပြပွဲတွင် တင်ပြထားသည်။

ယင်းဆော့ဖ်ဝဲလ်ကို နှလုံးကြည့်ကင်မရာ မှန်ပြောင်းနှစ်ခု အသုံးပြုလျက် ဒါဗင်စီလိုခေါ်သည့် စက်ရုပ်နှင့်တွဲသုံးရန်ဖြစ်သည်။

ဈေးအချိုသာဆုံး

၎င်းစက်ရုပ်သုံး နှလုံးခွဲစိတ်ခြင်းကို ဈေးအချိုသာဆုံးဖြင့် ခွဲစိတ်မှုများ ပေးနိုင်လိမ့်မည်ဟု ဆိုသည်။

ယင်းဆော့ဖ်ဝဲသည် လူနာ၏ နှလုံးခုန်နှုန်းများကို သိရှိပြီး စက်ရုပ်များအား နှလုံးခုန်မှုဖြစ်စေရန် ညွှန်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ အထည်ချုပ်စက်ရုံပြိုကျ

ဒါကာ ဖေဖော်ဝါရီ ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် အထပ်လေးထပ်ပါ အထည်ချုပ်စက်ရုံ ဖေဖော်ဝါရီ ၂၅ရက်က ပြိုကျမှုကြောင့် အနည်းဆုံးလူ ၁၆ဦးသေဆုံးကာ လူ ၅၀ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှတာဝန်ရှိသူများက ပြောကြားသည်။

ဒါကာမြို့ရှိ ဖောနစ်အထည်ချုပ်စက်ရုံသည် နံနက် ၁၁နာရီခန့်က အလုပ်သမား ၁၅၀အထဲ၌ရှိနေစဉ် ပြိုကျခဲ့ခြင်းဖြစ်သည်။ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ကယ်ဆယ်ရေးအဖွဲ့သည် အသက်ရှင်လျက် အဆောက်အအုံ အပျက်အစီးများအောက်တွင် ပိတ်မိနေသောလူများအား ရှာဖွေလျက်ရှိကြောင်း ဒဏ်ရာရရှိသူအချို့သည် ဒဏ်ရာပြင်းထန်စွာရထားကြောင်း ကယ်ဆယ်ရေးအဖွဲ့ဝင်များက ပြောကြားသည်။

ထုတ်ဖော်ပြောကြားခြင်းမရှိ

ယင်းအဆောက်အအုံပြိုကျရခြင်းနှင့် ပတ်သက်၍ စက်ရုံပိုင်ရှင်က လတ်တလော ထုတ်ဖော်ပြောကြားခြင်း မရှိခြင်းကြောင့် မသိရှိရသေးပေ။

အထည်အလိပ်လုပ်ငန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အကြီးမားဆုံး ပြည်ပပို့ကုန်လုပ်ငန်းတစ်ခု ဖြစ်သည်။ နှစ်စဉ်ယင်းလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော် ဝင်ငွေရရှိခဲ့သည်။ အလုပ်သမားနှစ်သန်းကျော်ကို အလုပ်အကိုင်များပေးထားနိုင်ပြီး အများစုသည် အမျိုးသမီးများ ဖြစ်ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

ပြိုကျခဲ့သော အထည်ချုပ်စက်ရုံ အပျက်အစီးအောက်မှ အသက်ရှင်ကျန်ရှိသူများကို ရှာဖွေနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ ပထမဆုံး နှလုံးအစားထိုးခွဲစိတ်မှု စွမ်းဆောင်ခဲ့သူ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၇

ကမ္ဘာပေါ်၌ နှလုံးအစားထိုး ခွဲစိတ်ကုသမှုကို ပထမဆုံး ကြိုးပမ်းစွမ်းဆောင်ခဲ့သူမှာ နော်မန်ဆွမ်ဝေးဆိုသူ ဖြစ်ကြောင်း သိရသည်။



နှလုံး အစားထိုး ခွဲစိတ်ကုသမှုကို ပထမဆုံး ကြိုးပမ်းစွမ်းဆောင်ခဲ့သူ နော်မန်ဆွမ်ဝေးအား တွေ့ရစဉ်။

ခွဲစိတ်ပေးခဲ့

အဆိုပါ ပုဂ္ဂိုလ်မှာ ၁၉၆၈ခုနှစ်က အမေရိကန်နိုင်ငံ၌ နှလုံးခွဲစိတ်အစားထိုးမှုကို ပထမဆုံးအကြိမ် ခွဲစိတ်ပေးခဲ့သည်ဟု ဆိုသည်။

အစားထိုး

၎င်းသည် ၁၉၈၁ခုနှစ်က ကမ္ဘာပေါ်တွင် ပထမဆုံး နှလုံးနှင့် အဆုတ် အစားထိုးမှု အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့သူ ဖြစ်သည်။

ကွယ်လွန်ခဲ့

မစ္စတာဆွမ်ဝေးသည် အသက် ၈၃ နှစ်ပြည့် မွေးနေ့ပွဲပြုလုပ်ပြီး နောက်တစ်နေ့တွင် ကင်ဆာရောဂါဖြင့် မကြာမီက ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ရိုက်တာ**

အနာဂတ်ကာလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ဦးဆောင်မှုအခန်းကဏ္ဍမှ တရုတ်နိုင်ငံ ပါဝင်ရန်မျှော်လင့်

ဂျီနီဗာ ဖေဖော်ဝါရီ ၂၇

အနာဂတ်ကာလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)၌ တရုတ်နိုင်ငံသည် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် မျှော်လင့်လျက်ရှိကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အကြီးအကဲ ပက်ကယ်လာမီက ဖေဖော်ဝါရီ၂၅ရက်၌ ပြောကြားလိုက်သည်။

ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် အွန်လိုင်းမှ နေ၍ ကမ္ဘာတစ်ဝန်းမှ မေးသော မေးခွန်းများကို ဖြေကြားနေရသည်။

ပါဝင်သင့်

ဒဗလျူတီအိုအဖွဲ့ဝင်၁၄၉ယောက် အတွင်း တရုတ်၏ အနာဂတ် အခန်းကဏ္ဍကို တုံ့ပြန်ဖြေကြားရာတွင် လာမီက တရုတ်နိုင်ငံသည် ဦးဆောင်မှု အခန်းကဏ္ဍမှ ပါဝင်သင့်ကြောင်း ပြောကြားသည်။

မျှော်လင့်

ယခုအချိန်မှစ၍ ၂၀၁၅ခုနှစ်အထိ ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက်ရရှိရန် အိန္ဒိယနှင့် ဘရာဇီးကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဒဗလျူတီအို၏ တာဝန်များကို ခွဲဝေယူကြရန် မျှော်လင့်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၀၁ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့စဉ်ကစ၍ အဖွဲ့၏ စည်းကမ်းများကို လေးစားလိုက်နာခဲ့ပြီး ကြီးမားသော စွမ်းဆောင်မှုများကို လုပ်ဆောင်ခဲ့သည်ကို အဖွဲ့ဝင်များ အားလုံးက အသိအမှတ်ပြုခဲ့ကြသည်။

ယနေ့မျက်မှောက်ကာလတွင် ဥရောပနှင့် အမေရိကန်သည် ဒဗလျူတီအိုတွင် ဆင်များဖြစ်နေကြကြောင်း၊ သို့သော် ၂၁ရာစု၏ ဆင်များသည် တရုတ်၊ ဘရာဇီး၊ အိန္ဒိယနှင့် တောင်အာဖရိက ဖြစ်လာမည်ဖြစ်သည်ဟု လာမီက ပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

တရုတ်နိုင်ငံ ပေကျင်းမြို့ အိုလံပစ် အားကစားပွဲတော် လုံခြုံရေးအစီအစဉ် တစ်ရပ်အဖြစ် အားကစားကွင်းများတွင် လူမျက်နှာအား မှတ်သား ဖမ်းယူထားနိုင်သည့် စနစ်များ တပ်ဆင်အသုံးပြုနေသည်ကို ဖေဖော်ဝါရီ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး ဝက်အူချောင်း

ကမ္ဘာ့အရှည်ဆုံး ဝက်အူချောင်း ပြုလုပ်နေသူတစ်ဦးကို တွေ့ရစဉ်။ (အောက်ပုံ)

ဆာဘီးယား မွန်တီနီဂရိုးနိုင်ငံ ဘီလ်ဂရာဒီမြို့ မြောက်ဘက် ကီလိုမီတာ ၁၄၀ခန့်အကွာ တူရီဂျာကျေးရွာတွင် (၂၂)ကြိမ်မြောက် ဝက်အူချောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၅ရက်က ကျင်းပရာ ဒေသခံတစ်ဦးက အရှည် ၆၆၃၄ပေရှည်သော ဝက်အူချောင်းကြီး တစ်ခုပြုလုပ်ခဲ့ပြီး ကမ္ဘာ့အရှည်ဆုံး ဝက်အူချောင်းအဖြစ်ဂင်းနက်စ်မှတ်တမ်းဝင်အောင် ကြိုးစားခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**



အသက်၁၀၅နှစ်ရှိ တရုတ်အဘိုးအို၏ စွမ်းရည်

အသက် ၁၀၅နှစ် အရွယ်ရှိ တရုတ်အဘိုးအို တစ်ဦး အပြေးလေ့ကျင့်နေစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့တွင် နေထိုင်သော ရိုကိုင်ရူ အမည်ရှိ တရုတ်အဘိုးအိုသည် ဖေဖော်ဝါရီ၂၅ရက်က အသက် ၁၀၅နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။ အသက်အရွယ် ကြီးရင့်သော်လည်း တရုတ်နိုင်ငံတွင် ၂၀၀၈ ခုနှစ်၌ ကျင်းပမည့် အိုလံပစ် အားကစား ပွဲတော်၌ တရုတ်ရိုးရာ ကိုယ်ခံပညာရပ်များကို ပြသပြီး ပါဝင်ဆင်နွှဲရန် ရည်ရွယ်ထားသည်။ ၎င်းသည် ယခုအခါ နန်ကျင်းမြို့လမ်းများပေါ်တွင် အနေးအပြေးလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၌ ဘတ်စ်ကားတစ်စီး လှိုဏ်ထဲထိုးကျ

ပေကျင်း ဖေဖော်ဝါရီ ၂၇

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွမ်ကျိုးပြည်နယ်တွင်ဖေဖော်ဝါရီ ၂၄ရက်က ဘတ်စ်ကားတစ်စီး အမြင့်မီတာ ၃၀ရှိ လှိုဏ်တစ်ခုထဲသို့ ထိုးကျခဲ့ခြင်းကြောင့် လူ၂၃ဦး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းမော်တော်ယာဉ် လှိုဏ်အတွင်းသို့ ထိုးကျမှုကြောင့် လူ၂၀ကျော် ဒဏ်ရာရရှိခဲ့သည်။ ၎င်းဘတ်စ်ကားသည် ကွမ်တုန်ပြည်နယ်ရှိ မြို့တစ်မြို့မှ စီချွမ်ပြည်နယ်ရှိ မြို့တစ်မြို့သို့ ခရီးထွက်ခွာလာစဉ် ကွမ်ကျိုးပြည်နယ်ရှိ လှိုဏ်တစ်ခုအတွင်းသို့ ထိုးကျခဲ့ခြင်း ဖြစ်သည်။ ရှေးဦးစုံစမ်းစစ်ဆေးမှုများအရ ယာဉ်မောင်း၏ ပေါ့ဆမှုကြောင့် ယခုလိုဖြစ်ရကြောင်း ယာဉ်ထိန်းရဲအရာရှိ ဝမ်က အခင်းဖြစ်ပွားသည့်နေရာ၌ ပြောကြားသည်။

ယာဉ်မောင်းသည် တစ်ခုခုကို ရှောင်တိမ်းရန် ကြိုးပမ်းစဉ် မော်တော်ယာဉ်အား မထိန်းနိုင်ဖြစ်ကာ ယခုကဲ့သို့ ဖြစ်ပွားခဲ့ရကြောင်း ဒဏ်ရာရရှိသူများက ယာဉ်ထိန်းရဲအား ပြောဆိုကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွမ်ကျိုးပြည်နယ်ရှိ လှိုဏ်အတွင်းထိုးကျခဲ့သော ဘတ်စ်ကားတစ်စီးအား ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၄ရက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) တတိယနှစ်ကျောင်းသားကျောင်းသူများ၏ ပန်းချီပြပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) တတိယနှစ် ကျောင်းသား ကျောင်းသူ ၁၈ဦး၏ ပန်းချီပြပွဲကို ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ပန်းချီပြခန်းတွင် ဖေဖော်ဝါရီ ၂၄ရက်မှ မတ် ၄ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

မြန်မာ့အလှ

တတိယနှစ်ကျောင်းသူ ဇင်မာငြိမ်း ရေးဆွဲသည့် မြန်မာအမျိုးသမီး၏အလှကို ဖော်ကျူးထားသော မြန်မာ့အလှအမည်ရှိ ဆီဆေးပန်းချီကားကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ပထမခြေလှမ်း

အဆိုပါ ပန်းချီကျောင်းသား ကျောင်းသူလေးများ၏ အဓိက ဦးတည်ချက်မှာ ပန်းချီဝါသနာရှင်များ စိတ်ဝင်စားစေရန်လည်းကောင်း၊ ပန်းချီပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့အောင်လည်းကောင်း ရည်ရွယ်ပြီး မိမိတို့ တတ်မြောက်ထားသည့် ပန်းချီပညာဖြင့် ပန်းချီလောကသို့ စတင်ဝင်ရောက်မည့် ပထမခြေလှမ်းသစ်ဖြစ်ကြောင်း ပြောကြားကြသည်။

ခင်းကျင်းပြသထား

အဆိုပါပန်းချီပြပွဲတွင် တတိယနှစ် ကျောင်းသူလေး ဖြူဖြူခိုင်ရေးဆွဲသည့် တစ်ယောက်တည်း(ရေဆေးကား)အပါအဝင် ရေဆေးကား ၅၈ကား၊ တတိယနှစ်ကျောင်းသားကလေး သိုက်ထွန်းဇော် ရေးဆွဲသည့် (မွန်ဈေး) အပါအဝင် ဆီဆေး ၃၇ကား၊ တတိယနှစ်ကျောင်းသားလေး ချမ်းမြေ့အောင် ရေးဆွဲသည့် နှင်းဆီအမည်ရှိ ခဲပန်းချီကား အပါအဝင် နှစ်ကား၊ တတိယနှစ်ကျောင်းသား တောက်ထွန်းဝင်း ရေးဆွဲသည့် Acrynic ပန်းချီကားတစ်ကား၊ ဖယောင်းပန်းချီကား သုံးကားအပါအဝင် စုစုပေါင်း ပန်းချီကား ၁၀၁ကားကို ခင်းကျင်းပြသထားသည်။

ယင်းပန်းချီပြခန်းတွင် ပန်းချီဝါသနာရှင်များ၊ ပန်းချီစုဆောင်းလိုသူများအတွက် ပန်းချီကားတစ်ကားလျှင် ကျပ်တစ်သောင်းခွဲမှ သုံးသိန်း တန်ဖိုးရှိ ပန်းချီကားများကို ရောင်းချပေးသွားမည်ဖြစ်သည်။

တန်ဖိုးအမြင့်ဆုံး

တန်ဖိုးအမြင့်ဆုံးပန်းချီကားမှာ ကျပ်သုံးသိန်းတန်ဖိုးရှိ တတိယနှစ်ကျောင်းသူလေး ဇင်မာငြိမ်းရေးဆွဲသည့် မြန်မာအမျိုးသမီးတစ်ဦး၏အလှကို

သတင်းနှင့်ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)

တစ်ယောက်တည်း ရေဆေး ပန်းချီကား

ပန်းချီ ပြပွဲတွင် တတိယနှစ် ကျောင်းသူ ဖြူဖြူခိုင် ရေးဆွဲသည့် တစ်ယောက်တည်း အမည်ရှိ ရေဆေး ပန်းချီကား။ (မြန်မာ့အလင်း)

ပေါ်လွင်ထင်ရှားအောင် ဖော်ကျူးထားသည့် မြန်မာ့အလှ ဆီဆေးပန်းချီကားဖြစ်သည်။ ဒုတိယအမြင့်ဆုံးကားမှာ တတိယနှစ်ကျောင်းသား သိုက်ထွန်းဇော်၏ လက်ရာဖြစ်သည့် မွန်ဈေးအမည်ရှိ ဆီဆေးပန်းချီကားဖြစ်၍ တန်ဖိုးမှာ ကျပ်တစ်သိန်းဖြစ်သည်။

ပါဝင်ရေးဆွဲကြသူများ

ယင်းပြပွဲတွင် ပါဝင်ရေးဆွဲကြသည့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ တတိယနှစ်ကျောင်းသား ကျောင်းသူများမှာ သိုက်ထွန်းဇော်၊ မျိုးမင်းလတ်၊ သိန်းထွဋ်ဝင်း၊ ကျော်ဇေယျာအောင်၊ သိန်းရဲမင်း၊ အောင်အောင်၊ ချမ်းမြေ့အောင်၊ အောင်သူရ၊ တောက်ထွန်းဝင်း၊ ကျော်စိုးသူ၊ ဇင်မာငြိမ်း၊ ဖြူဖြူခိုင်၊ ချောစု၊ ချိုဝေထွန်း၊ ခိုင်ဦးလွင်၊ အေးနန္ဒာဝင်း၊ ဖြိုးသရဖီထင်နှင့် ဝိုင်းသော်ဦးတို့ ဖြစ်ကြသည်။

ပခေါင်တိုင်းရင်းသူ

တတိယနှစ်ကျောင်းသူ ဝိုင်းသော်ဦး ခြယ်မှုန်းထားသည့် ပခေါင်တိုင်းရင်းသူအမည်ရ ရေဆေးပန်းချီလက်ရာ။ (မြန်မာ့အလင်း)

ကြည့်ရှုလေ့လာ

ပန်းချီပြပွဲခင်းကျင်းရာသို့ ပန်းချီဝါသနာရှင်များ၊ နိုင်ငံခြားသား ပန်းချီလေ့လာသူများ လာရောက်လေ့လာ ကြည့်ရှုလျက်ရှိကြောင်းသိရသည်။ ။

(မြန်မာ့အလင်း)

စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာ

ယဉ် ကျေး မှု တ က္က သိုလ် (ရန်ကုန်) တတိယနှစ် ကျောင်းသား ကျောင်းသူများ၏ ပန်းချီပြပွဲ၌ ပန်းချီဝါသနာရှင်များနှင့် နိုင်ငံခြားသားများ စိတ်ပါဝင်စားစွာ ဤသို့ ကြည့်ရှုလေ့လာလျက်ရှိကြသည်။

(မြန်မာ့အလင်း)

သုတေသနစာတမ်းဖတ်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန် ကွန်ပျူတာတက္ကသိုလ်က ကြီးမှူးကျင်းပသော The Fourth International Conference on Computer Application (ICCA 2006) သုတေသနစာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က ရန်ကုန်မြို့ ကမ္ဘာအေးစေတီ ဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ် အစည်းအဝေးခန်းမတွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။ အခမ်းအနားတွင် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးကိုကိုဦး၊ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီလာသိန်း၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မလေးရှားနိုင်ငံနှင့် အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံများမှ ပါရဂူဘွဲ့သင်တန်းသားများ တက်ရောက်ကြသည်။

ဖတ်ကြားတင်သွင်း

ICCA 2006 ကွန်ဖရင့် ဒုတိယနေ့ အခမ်းအနားတွင် စာတမ်းဖတ်ပွဲကို ဆီဒိုးနားဟိုတယ်ရှိ မင်းတုန်းခန်းမ(၁)တွင် Simulation and modeling, Web Engineering စာတမ်းများကိုလည်းကောင်း၊မင်းတုန်းခန်းမ (၂)တွင် Database and XML, Distributed Computing, Networking စာတမ်းများကို လည်းကောင်း၊ ဒဂုံခန်းမတွင် Bioinformatic, Image Processing စာတမ်းများကိုလည်းကောင်း၊ အလုံခန်းမတွင် Mobile and Wireless Computing, Networking စာတမ်းများကို လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။ ကွန်ဖရင့် ဒုတိယနေ့တွင် ဖတ်ကြားတင်သွင်းကြသော စာတမ်း စုစုပေါင်း ၃၉စောင် ဖြစ်သည်။

ဆက်လက်ကျင်းပ

ICCA2006 ကွန်ဖရင့် ဒုတိယနေ့ နေ့လယ်ပိုင်း အစီအစဉ်များတွင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ် တတိယနှစ်ကျောင်းသား မောင်ထူးမြင့်နောင်၏ My Myanmar Unicode System ကို မိတ်ဆက်တင်ပြခြင်းနှင့် ဆွေးနွေးတင်ပြခြင်းကိုလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ဌေ့်ပါမောက္ခ ဒေါက်တာမြင့်မြင့်စိန်က 3D Image Viewing Box ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသည်။

တက်ရောက်

ICCA 2006 ဒုတိယနေ့ ညပိုင်းတွင် ညစာစားပွဲကို ဆီဒိုးနားဟိုတယ်တွင်ပင် ဆက်လက် ပြုလုပ်ခဲ့ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ စာတမ်းရှင်များ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ICCA 2006 သုတေသနစာတမ်းဖတ်ပွဲများကို ၂၀၀၃ ခုနှစ်မှ စတင်၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်က ကြီးမှူးကျင်းပပြီး ယခုအကြိမ်သည် စတုတ္ထအကြိမ်ဖြစ်သည်။ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သည် ကွန်ပျူတာ ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူနိုင်ငံများမှ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ပါရဂူဘွဲ့သင်တန်းများမှ သုတေသနပြုလုပ်ထားမှုစာတမ်းများကို အပြည်ပြည်ဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲအဖြစ် ယခုကဲ့သို့ နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ ယခုအကြိမ်ကျင်းပသော သုတေသနစာတမ်းဖတ်ပွဲတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ စာတမ်းပေါင်း ၃၃ စောင်၊ မြန်မာနိုင်ငံမှ စာတမ်းပေါင်း ၆၅ စောင် စုစုပေါင်း စာတမ်း၉၈စောင် ဖတ်ကြားတင်သွင်းခဲ့ကြကြောင်းသိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့ ဆူးလေစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံပြန်လည်တည်ဆောက်ရေး၊ ထီးတော်ကြီး၊ ကိုယ်လုံးတော်ကြီးနှင့် အရံစေတီတော်များ ရွှေစင်၊ရွှေပြား၊မျက်ပါး ရွှေသင်္ကန်းတော်ကပ်လှူရေးအတွက် အမှတ် ၉၅ ဓိုးအုံကုန်းလမ်း နံ့သာကုန်းရပ်ကွက် အင်းစိန်မြို့နယ်နေ မိဘများအားအမှူးထား၍ ဦးသန်းညွန့်ဝင်း- ဒေါ်ချိုချိုလွင် မိသားစုက ကိုးလက်မပတ်လည် ရွှေစင်ရွှေပြားတစ်ကျပ်သားတစ်ချပ်အတွက် ငွေကျပ်နှစ်သိန်းငါးသောင်းကို ဂေါပကအဖွဲ့ဝင် ဦးကြိုင်မြင့်နှင့် ဦးမျိုးခင်တို့သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

(၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ချီစစ်ရေးပြိုင်ပွဲဝင် ပဏာမရွေးချယ်တေးများ အပြီးသတ်တင်ပြရန် အသိပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီက ပြိုင်ပွဲဝင်တေးများကို ပဏာမရွေးချယ်ထားသည်။

စစ်ချီတေးပြိုင်ပွဲတွင် ဒီဃဦး၏ အမျိုးကိုချစ်သော တပ်မတော်၊ စောရန်ကျော်၏ ပြည်သူနဲ့တပ်မတော်၊ လင်းကျော်၏ ပြည်သူနှင့်အတူ၊ နေမွန်ရွှေဝင်း၏ သမိုင်းကြောင်းကောင်းတဲ့ တပ်မတော်၊ ဝင်းထွန်း (မြဝတီ)၏ နိုင်ငံတော်အတွက် ကြည်း၊ ရေ၊ လေနှင့် လေးနိုင်မင်း(မြဝတီ)၏ ကြည်း၊ ရေ၊ လေ တို့တပ်မတော်တို့ဖြစ်သည်။

သမိုင်းပေးတာဝန်

စစ်ရေးအဆင့်(၁)ပြိုင်ပွဲတွင် ခင်မြသက်နှင်း၏ခေတ်မီစစ်စွမ်းရည်နှင့် မြန်မာ့တပ်မတော်၊ ထွန်းထွန်းမင်း၏ ကြည်း၊ ရေ၊ လေ၏ ပန်းတိုင်ခရီး၊ တက္ကသိုလ်အေးကို၏ တပ်နှင့်ပြည်သူ အောင်လံထူ၊ စိုးထွဋ်ခိုင်၏ စည်းလုံးချစ်ကြည်မိဋ္ဌာန်ညီ တိုင်းပြည်သစ်ကိုတည်၊ ဟသ်ာတမျိုးအောင်၏ ညီနောင်ချစ်ကြင်အလှဆင် မြန်တိုင်းသာစေ အောင်ဌာနေ၊ စိုးစိုး(မြန်မာစာ) ၏ အလှစုံဖြာဝေ အောင်ဌာနေ၊ ဝင်းထွန်း (မြဝတီ)၏ လေးစားဂုဏ်ယူမိတာ၊ လေးနိုင်မင်း(မြဝတီ)၏ အမိမြေရဲ့ ပြည်ချစ်သားနှင့် နေမွန်ရွှေဝင်း၏ သမိုင်းပေးတာဝန်ကျေတို့ဖြစ်သည်။

စစ်ရေးအဆင့်(၂)ပြိုင်ပွဲ

စစ်ရေးအဆင့်(၂)ပြိုင်ပွဲတွင် ပွင့်သစ်ဦး(ကလေးဝ)၏ စစ်မြေစခန်းသို့ချစ်မှာတမ်း၊ စောလှထွန်း၏ မြန်မာ့အောင်ပန်းပွင့်စေမှာ၊ ယုကီ၏ မြန်မာ့သွေး မြန်မာ့သား၊ စောစုစုစံ၏ ပန်းတိုင်ရည်မှန်းလှမ်းတက်ညီ ပြည်ထောင်စု အလှပန်းချီ၊ အောင်နိုင်စိုး၏ သားသားချစ်တဲ့ မြန်မာ့တပ်မတော်၊ တက္ကသိုလ်မောင်နေလွင်၏ မိမွေ့ဖမွေ့တို့ပိုင်မြေ၊ ကျော်မင်းထွဋ်၏ ကိုကိုစစ်သား၊ လှသောင်းဦး (သာယာဝတီ) ၏ မြန်မာ့သွေးပီနီရဲသည်၊ ရွှန်းလဲ့ရတနာ၏ အောင်မြင်ခြင်းပန်းချီ၊ မျိုးဆွေသန့်၏ မြန်မာ့စစ်သည်တော်၊ ချစ်သက်ဝင်း၏ ဆယ့်နှစ်ရပ်ဦးတည်ချက် တို့ထမ်းရွက်၊ တင့်လွင်ဦး၏ နှလုံးသားလှတဲ့ သားကောင်းဓာနည်နှင့် နေမျိုးဝင်း၏ နှလုံးသားထက်က ကမ္ဘည်းသစ္စာတို့ ဖြစ်သည်။

ပဏာမရွေးချယ်ထားသော ပြိုင်ပွဲဝင် တေးရေးသူအားလုံးသည် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးကိုကိုထွေး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ အမြန်လာရောက်သတင်းပို့ကြရန်ဖြစ်ပြီး ပြိုင်ပွဲဝင်တေးများကို ဆုအဖြစ် ဆုံးဖြတ်ရွေးချယ်နိုင်ရန် အပြီးသတ် အသံသွင်းထားသော အခွေချော DAT (သို့မဟုတ်) CD အခွေကို မတ် ၃ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်တင်ပြကြရန် အသိပေးအကြောင်းကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ မျိုးဆက်သစ် မူကြိုကလေးငယ်များဉာဏ်ရည်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် မျိုးဆက်သစ် မူကြိုကလေးငယ်များ ဉာဏ်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၃ ရက် နံနက် ၉ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်တင်တင်နွဲ့၊ တပ်မတော်အရာရှိများ၊ တိုင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များမှ အမှုဆောင်များ၊ မိဘများ၊ ဆရာ ဆရာမများနှင့် မူကြိုကလေးများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က အမှာစကားပြောကြားကာ မူကြိုကလေးငယ်များ၏ ဉာဏ်စွမ်းရည်ပြိုင်ပွဲကိုကျင်းပသည်။ ပြိုင်ပွဲအပြီးတွင် တိုင်းမှူးနှင့်ဇနီးတို့က ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်ဆောင်များကို ချီးမြှင့်ပေးအပ်ကြပြီး အလှူရှင်မိဘများကလည်း လက်ဆောင်များချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

တပ်မတော်စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်၌ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကျင်းပနိုင်ရေး ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ရန် မတ် ၁ ရက်မှစတင်၍ ပြည်သူလူထုအား အခကြေးငွေယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး မတ် ၂၆ ရက်တွင် (၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၈-၂-၂၀၀၆ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဉယျာဉ်
၈:၀၅ ၆။ အရေးပြိုင်ပွဲ
၈:၁၀ ၇။ တံငါတံတား
၈:၁၅ ၈။ အကပြိုင်ပွဲ
၈:၂၀ ၉။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Let's Go
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇:၀၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၂၀ ၇။ ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၃၀ ၈။ **"ဟွန်းသံ"** (ရောနှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ) (ဒါရိုက်တာ-သက်တင်)
၁၇:၄၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၄၅ ၁၂။ နိုင်ငံခြားကာတွန်းဓာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၆၈)
၁၈:၅၅ ၁၃။ အကပြိုင်ပွဲ
၁၉:၁၀ ၁၄။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉:၂၅ ၁၅။ အတီးပြိုင်ပွဲ
၁၉:၄၀ ၁၆။ ကြေးမုံရိပ်သွင်တေးနှယည်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၂၁။ နိုင်ငံခြားဓာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း-၁၄)

မြောက်ဦးမြို့နယ် စည်ပင်လုပ်ငန်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်က မြောက်ဦးမြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် မြောက်ဦးမြို့သို့ ရောက်ရှိလာရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်က ပလက်ဖောင်းပြုပြင်မှုများ၊ လမ်းခင်းလုပ်ငန်းများကို လှည့်လည်ရှင်းလင်းပြသသည်။ **(မြို့နယ်စည်ပင်)**

ဗိဝိတဒါနသံဃာ့ဆေးရုံကြီးမှ ရန်ကုန်ဆေးရုံကြီးသို့ ဘီးတပ်ကုလားထိုင်များလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးမှ ရန်ကုန်ဆေးရုံကြီးသို့ လူနာသုံး ဘီးတပ်ကုလားထိုင်များပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ၂၄ရက် နံနက်ပိုင်းက ရန်ကုန်ဆေးရုံကြီးရှိ ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစား သံအမတ်ကြီး)၊ အတွင်းရေးမှူး ဦးမောင်မောင်နှင့် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးကိုယ်စား ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးပိုလေးက လူနာသုံးဘီးတပ်ကုလားထိုင်၁၀စီးပေးအပ်လှူဒါန်းရာ **(ဝဲပုံ)** ရန်ကုန်ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။ **(က-ပ)**

ဒို့ကျေးရွာဂျာနယ်ထုတ်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျေးလက်ပြည်သူများဘဝ တိုးတက်စေရန် ရည်ရွယ်၍ ဒို့ကျေးရွာ ဂျာနယ် အတွဲ(၃)၊ အမှတ်(၅)ကို မတ် ၁ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

ယင်းဂျာနယ်တွင် ထော်လာဂျီ မီးသတ်ယာဉ်၊ ဆူးပုပ်ပင်အာနိသင်နှင့် စိုက်ပျိုးနည်း၊ တောင်ပေါ်ဒေသတွင် ဝင်ငွေတိုးရေး မက်မန်းစိုက်ပျိုးပေး၊ မြေကိုပြုပြင်အသုံးပြုလျှင်၊ မုန်လာဥဖြူ၏ အကျိုးအာနိသင်၊ တိရစ္ဆာန်အမျိုးမျိုးမှ ဆေးအသုံးဝင်ပုံ၊ ကြက်ဆူရိုင်းနှင့် တိုင်းရင်းဆေး၊ ငရုတ်ကောင်းအထွက်နှုန်းကောင်းဖို့၊ လွမ်းစရာကျေးလက်တေးများ၊ ပိုလို့တောင်ချစ်သွားပြီ၊ ပင်စိမ်း၊ အမျိုးသမီးများနှင့် သလဲသီး၊ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရမည်စသည့် ဆောင်းပါး၊ ဝတ္ထု၊ ပုံပြင်၊ ဟာသ၊ ကာတွန်း၊ ကဗျာနှင့် သတင်းကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်ပြီး စာမူများနှင့် ကြော်ငြာများကို အမှတ် ၃၀-၃၂၊ ၁၀ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀ နှင့် ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပညာပေးပြခန်း ကြည့်ရှုအားပေး

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် နဝမနှစ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် (၂၀၀၆) အကြိုလှုပ်ရှားမှု မှတ်တမ်းများနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးပြခန်းကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ရေကောင်းရေသန့်ရရှိရေး၊ အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အထူးသဖြင့် လက်သန့်ရှင်းစင်ကြယ်ရေးနှင့်အစားအစာသန့်ရှင်းရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး နိုင်ငံတော်၏ကျန်းမာရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကိုလည်း များစွာအထောက်အကူပြုနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အညွှန်းကိန်း

ရေနှင့်သန့်ရှင်းရေး လွှမ်းခြုံမှုကိန်းဂဏန်းများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ပြနေသည့် အညွှန်းကိန်း (Indicator) များလည်း ဖြစ်ကြကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးမူဝါဒများသည် လေထုနှင့် ရေထု ညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် မူဝါဒချမှတ်ထားရှိကြောင်း။

၁၉၉၅ခုနှစ် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေအခန်း(၄)၌ ဆိုလျှင်လည်း ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကူးစက်ရောဂါဖြစ်ပွားသည့်အခါ ထိရောက်စွာနှိမ်နင်းနိုင်ရန် အများပြည်သူတို့သည် သက်ဆိုင်ရာ နယ်မြေဒေသရှိ ကျန်းမာရေးအရာရှိ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်တာဝန်ရှိသည်ဟု တိတိကျကျ လမ်းညွှန်ချက် ချမှတ်ထားကြောင်း။

ညှိနှိုင်းအကောင်အထည်ဖော်

ထို့အပြင် ၁၉၉၅ခုနှစ် နိုဝင်ဘာ၃၀ရက် အမျိုးသားကျန်းမာရေးကော်မတီ အကြိမ်(၂၀)မြောက် အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၉)၌ တစ်နိုင်ငံလုံးရှိ မြို့နယ်များနှင့် ကျေးရွာများတွင် ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြီး အကောင်အထည်ဖော်ရန်ဟု ဆုံးဖြတ်ချက်ချမှတ်ထားသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က သန့်ရှင်းရေးလုပ်ငန်းများတိုးတက်ကောင်းမွန်ရေးကို အလေးထားသကဲ့သို့ ပြည်သူလူထု ရေကောင်းရေသန့်ရရှိသုံးစွဲနိုင်ရေးကိုလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကြီးငါးရပ်တွင် အရေးကြီး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်ကိုလည်း မူဝါဒချမှတ်ပေးထားပြီး ဖြစ်ကြောင်း။

ရောဂါပြန့်ပွားမှုကင်းဝေးနိုင်

ပြည်သူလူထုအနေဖြင့် အညစ်အကြေးများကို စနစ်တကျစွန့်ပစ်မည်၊ ရေကောင်းရေသန့်များကိုသာသုံးစွဲကြမည်၊ လက်သန့်ရှင်းရေးနှင့် အစားအစာသန့်ရှင်းရေးတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြမည်ဆိုလျှင် ဝမ်းလျှော ဝမ်းပျက်ရောဂါ၊ သန်ကောင်ရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ ပိုလီယိုအကြောသေရောဂါစသည့် ရောဂါများဖြစ်ပွားမှုမှ ကင်းဝေးနိုင်ကြမည်ဖြစ်ကြောင်း။

သန့်ရှင်းရေးလုပ်ငန်းများအရှိန်အဟုန်မြင့်မားစေရန်အတွက် ၁၉၉၈ခုနှစ်မှစတင်၍ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်များကို နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် နဝမအကြိမ်အထိရောက်ရှိလာပြီဖြစ်ကြောင်း၊ အထူးပြောကြားလိုသည်မှာ ကျင်းပသည့်အကြိမ်များလာသည်နှင့်အမျှ အရှိန်အဟုန်လျော့ကျမသွားစေရန် အရေးကြီးကြောင်း၊ လွှမ်းခြုံမှုရာခိုင်နှုန်း ၈၀ရာခိုင်နှုန်းကျော်လာသည်နှင့်အမျှ လုပ်ငန်းဆောင်ရွက်ရသည့် အခက်အခဲများ ပိုမိုတွေ့ရှိလာမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကျန်သည့်၂၀ရာခိုင်နှုန်းသည် နွမ်းပါးသူများနှင့် နောက်ချန်အုပ်စုများဖြစ်နေတတ်၍ဖြစ်ကြောင်း၊ ဤအချိန်တွင် သမားရိုးကျလုပ်နည်းလုပ်ဟန်များနှင့် ဆက်လက်ဆောင်ရွက်

နဝမနှစ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှု ရက်သတ္တပတ် ဖွင့်ပွဲ အခမ်း အနား တွင် ကုလသမဂ္ဂ ကလေး များ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C. Long အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

သွား၍မရတော့ကြောင်း၊ သွင်းအားစုများ၊ ပံ့ပိုးမှုများ၊ စီမံခန့်ခွဲမှုနည်းလမ်းများ၊ ပိုမိုထည့်သွင်းကျင့်သုံးရန်လိုလာပြီဖြစ်ကြောင်း၊ နောက်ပြီး နှစ်ကြာလာပြီးဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲမှု(Sustainability)ကိုလည်း အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းအတွက် ပျက်စီးသွားသည်များကို အချိန်မီပြုပြင်ရန်နှင့်တတ်နိုင်သူများက တတ်နိုင်သကဲ့သို့ အရည်အသွေးကိုလည်း တိုးမြှင့်တည်ဆောက်သွားကြရန်လိုအပ်ကြောင်း။

တွန်းအားပေးဆောင်ရွက်

လုပ်ငန်းနီးနွယ်ဆက်စပ်လျက်ရှိသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့မှ ဈေးအိမ်သာများသန့်ရှင်းရေး၊ အမှိုက်သရိုက်များစနစ်တကျစွန့်ပစ်ရေးတို့ကို ယခင်ကထက် ပိုမိုမြှင့်တင်ဆောင်ရွက်ကြရန် အဆင့်ဆင့်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ကြရန်နှင့် အခြေခံပညာကျောင်းများတွင်လည်း ယင်လုံအိမ်သာ ရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲရေး၊ ရေကောင်းရေသန့်ရရှိရေးတို့အတွက် တွန်းအားပေးဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးများနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားစသည်တို့မှလည်း လှုပ်ရှားမှုဆိုင်ရာသတင်းများ၊ ကျန်းမာရေးပညာပေးအစီအစဉ်များအား ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံလိုကြောင်း။

ဝိုင်းဝန်းပံ့ပိုးကူညီ

ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများဖြင့် နီးနွယ်ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ယခင်နှစ်များနည်းတူ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါကြောင်း ဖြင့်ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ʻUNICEFʼ) ဌာနေ ကိုယ်စားလှယ် Ms. Carroll C. Long က အမှာစကားပြောကြားပြီး နဝမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ်(၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့တက်ရောက်လာကြသည့် သံတမန်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာနနှင့် အဆောက်အအုံ၏ ဧည့်ကြိုဆောင်၌ခင်းကျင်းပြသထားသည့် နဝမနှစ် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုရက်သတ္တပတ် (၂၀၀၆) အကြိုလှုပ်ရှားမှုမှတ်တမ်းများနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးပြခန်းကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ညောင်တုန်းရေနံနှင့်သဘာဝဓာတ်ငွေ့မြေစစ်ဆေး နှစ်ကာလကြာရှည်စွာထုတ်ယူသုံးစွဲနိုင်ရေးထိန်းသိမ်းရန်အစီအမံများချမှတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား ရေနံမြေရှင်းလင်းဆောင်၌ အထွေထွေမန်နေဂျာ ဦးအေးမြင့်က ညောင်တုန်းရေနံမြေ၏ လက်ရှိတူးဖော်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ်(တူးဖော်ရေး)ဦးကံမြင့်ကြီးက အသစ်ထပ်မံ တူးဖော်ခဲ့သော ညောင်တုန်းတွင်းသစ်အမှတ်(၃၂)ကို အောင်မြင်စွာတူးဖော်ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် လက်ရှိထုတ်လုပ်နေမှု အခြေအနေတို့ကို လည်းကောင်း၊ ဘူမိရူပဗေဒအရာရှိချုပ် ဦးမင်းဟန်က ညောင်တုန်း/မအူပင်ဒေသများ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ညောင်တုန်းဒေသ၌ တွင်းသစ်များ ဆက်လက်တူးဖော်သွားနိုင်ရေး၊ ဘူမိအနေအထားဆက်စပ်လျက်ရှိသည့် မအူပင်/ရေလဲကလေးဒေသ ပေနက်ပိုင်း အလားအလာများရှိသည့် ရွှေလောင်းဒေသ၌ ရှာဖွေရေးတွင်းသစ်များ တိုးချဲ့တူးဖော်သွားနိုင်ရေး၊ ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို မှာကြားပြီး တွင်းတူးစက်နေရာချထားမှု အစီအစဉ်နှင့် ညောင်တုန်းသဘာဝဓာတ်ငွေ့မြေကို နှစ်ကာလကြာရှည်စွာထုတ်ယူ သုံးစွဲသွားနိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရမည့် အစီအမံများကို ချမှတ်ပေးသည်။

ဂုဏ်ပြုဆုငွေ

ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေး အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ များပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ တွင်းသစ် အမှတ်(၃၂)သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါတွင်းသစ်အမှတ်(၃၂)မှ သဘာဝ ဓာတ်ငွေ့ ကုဗပေ ၃ဒသမ၅သန်းခန့်နှင့် လေဆီစည်၂၀ခန့်ကို နေ့စဉ်ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းသစ်အမှတ်(၃၂)တွင် ကြည့်ရှုစစ်ဆေးစဉ်။
(စွမ်းအင်)

❒ *ကျောဖုံးမှ*

ဆွေးနွေးမှာကြား

ပဲခူးတိုင်း၌ ၂၀၀၅-၂၀၀၆ ခုနှစ် နွေစပါး စိုက်ပျိုးရာသီတွင် တစ်တိုင်းလုံး၌ ယခုအထိ ၂၇၅၉၇၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်း မိုင်တိုင် (၈၁/၄) မိုင်သို့ ရောက်ရှိပြီး ယင်းမှတစ်ဆင့် ဒိုက်ဦး-မြစ်ကျိုး-ညောင်ခါးရှည်ကားလမ်းအတိုင်း စစ်တောင်း(ဆတ်သွားကုန်း)-မြစ်ကျိုး-ဒိုက်ဦး ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်၌ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ မီးရထားလမ်းသစ်သည် ပဲခူး-မုတ္တမ ရထားလမ်းပေါ်ရှိ စစ်တောင်းတံတားအနီး ဆတ်သွားကုန်းဘူတာမှခွဲ၍ ပဲခူးမြို့သို့ ဝင်ရောက်ခြင်းမပြုဘဲ ရန်ကုန်-မန္တလေးလမ်းရှိ ဒိုက်ဦးမြို့သို့ဆက်သွယ်ပေးမည့် ရထားလမ်းဖြစ်ပြီး ခရီးမိုင် ၄၂ မိုင် လျော့နည်း၍ ထားဝယ်မှ မြစ်ကြီးနားသို့ Main Lineအဖြစ် တစ်ဆက်တည်း ရထားဖြင့် တောက်လျှောက် ဆက်သွယ်နိုင်မည်ဖြစ်သည်။

အဆိုပါ ဒိုက်ဦး-မြစ်ကျိုး-ညောင်ခါးရှည်ဖြတ်လမ်း ဖောက်လုပ်ခြင်းကြောင့် ရန်ကုန်-မော်လမြိုင်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းကို ဆက်သွယ်သွားလာရာတွင် ဘုရားလမ်းဆုံကို ပတ်၍ သွားခြင်းထက် ခရီးမိုင် ၂၄ မိုင် လျော့နည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဆိုပါလမ်းပေါ်ရှိ မိုင်တိုင် (၅/၄)မိုင်၌ အရှည်ပေ ၂၃၀ ရှိသော ဘေလီသစ်သားအမျိုးအစား ပဲခူးစစ်တောင်းတူးမြောင်း တံတားသို့ ရောက်ရှိ၍ တံတားကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ပဲခူးတိုင်း ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအုပ်စု ဒိုက်ဦး-ညောင်ခါးရှည် လမ်းပေါ်ရှိ နဂါးပေါက်ချောင်းကိုဖြတ်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိသော အရှည် ၂၃၅ ပေရှိ ဘေလီသစ်သားအမျိုးအစား နဂါးပေါက်တံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေးလမ်းမိုင်တိုင်(၈၄/၅)မိုင်ရှိ ဒိုက်ဦး-ညောင်ခါးရှည် ဖြတ်လမ်းနှင့် ဆုံရာနေရာသို့ ရောက်ရှိ၍ အဆိုပါ လမ်းအချိန်မီပြီးစီးရေး၊ စံချိန်စံနှုန်းနှင့်အညီဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ရဲနွယ် ရေလှောင်တမံ စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုများနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး (၄) ညွှန်ကြားရေးမှူး ဦးမော်သာထွေးက ရေယူအဆောက်အအုံလုပ်ငန်း၊ ရေထိန်းတံခါးလုပ်ငန်း၊ ရေယူဥမင် လိုဏ်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု၊ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဖိအားမြှင့် ပိုက်လိုင်းဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားလိုင်းသွယ်ယူပြီးစီးမှုဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်းရှင်းလင်း တင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အတွက်များစွာ အကျိုးရှိမည့် စီမံကိန်းဖြစ်၍ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေး၊ စိုက်ပျိုးရေပေးဝေရေး၊ သတ်မှတ်ချိန်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရှုရပ်မှ ရဲနွယ်ရေလှောင်တမံပြီးစီးမှု အခြေအနေကို ကြည့်ရှုပြီးမော်တော်ယာဉ်ဖြင့်ရေလှောင်တမံ အတွင်းလှည့်လည်ကြည့်ရှုကာရေယူဥမင်လိုဏ်နှင့် ဓာတ်အားပေးစက်ရုံတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

၂၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်

ရဲနွယ်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသော ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာဧက (၁၁၈၅၀၀)ကို အကျိုးပြုနိုင်ပြီး ဒေသအတွင်းစိမ်းလန်းစိုပြည်ရေးကိုပါအထောက်အကူပြုနိုင်မည့် အပြင် ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ်ကိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းသိရှိရသည်။ သတ်မှတ်ကာလတွင်ပြီးစီးရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ် ကြီး ခင်မောင်သန်းက စံချိန်စံညွှန်း နှင့်အညီ ခိုင်ခိုင်မာမာ တည်ဆောက်ရေး၊ သတ်မှတ်ချိန်အမီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

အဆိုပါ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းပြီးစီးပါက လယ်မြေဧရိယာဧက၁၀၀၀၀၀ကို ရေပေးသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ပြီး ရေအား လျှပ်စစ် ၃၀မဂ္ဂါဝပ်ကိုလည်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အုတ်တွင်းတပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။

မျိုးစေ့များပေးအပ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့သည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အုတ်တွင်းတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များကို ခြံစည်းရိုး ကြက်ဆူပင်မျိုးစေ့များကိုပေးအပ်၍ ခြံစည်းရိုးကြက်ဆူမျိုးစေ့များနှင့် ပျိုးကိုင်းများကို စိုက်ပျိုးပေးပြီး တပ်နယ် မိသားစုများ၏ ခြံစည်းရိုးကြက်ဆူပျိုးကိုင်းစိုက်ပျိုးခြင်းကိုလိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် စက်မှုလယ်ယာ ဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူဆီအသုံးဝင်ပုံသရုပ်ပြမှုများကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ပဲခူးတိုင်း တောင်ငူမြို့နယ် ခပေါင်းတံတားပေါ်မှ သဲသောင်ပြင်တွင် စိုက်ပျိုးထားသော ကြက်သွန်နီစိုက် ခင်းများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ပဲခူးတိုင်း ပဲခူးမြို့နယ် ပေါက်တောကျေးရွာ ဇောင်းတူရေလွှဲဆည် ရေသောက်စနစ်ဖြင့် နွေစပါး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း အသင်းလိုက် (အကျော့ပေး) ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ) အသင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်အဖွဲ့ဝင်များ အသင်းလိုက် အကျော့ပေး ပြိုင်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း ဆုဖလားကြီး ဆွတ်ခူးရရှိသွားသော ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ) အသင်းနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

■ **ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့ တက်ရောက်ကြပြီး ပြိုင်ပွဲဝင်အသင်း၁၅သင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ပွဲစဉ်များအတိုင်း ဆက်လက်ယှဉ်ပြိုင်ကြရာ ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

ယင်းနောက် ၂၀၀၅-၂၀၀၆ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေ၅နာရီခွဲတွင် ရေတံခွန်တောင်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ ဆုချီးမြှင့်ပွဲမစတင်မီ တေးသံရှင်များက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဆုများပေးအပ်ချီးမြှင့်

ရှေးဦးစွာစစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက ၂၀၀၅-၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် အကျော့ပေးပြိုင်ပွဲတွင် တတိယဆုရ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ ဒုတိယဆုရ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်း၊ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းနှင့် အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် တတိယဆုရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်း၊ ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းတို့အားဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တပ်ထိန်းချုပ်ဗိုလ်ချုပ်စောလှက တစ်ဦးချင်း(အကျော့ပေး)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများနှင့် တစ်ဦးချင်း(အကျော့မဲ့)ပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေက Most Par/ Most Birdieဆုရသူများ၊နေ့အလိုက်တစ်ဦးချင်းအကောင်းဆုံး (အကျော့ပေး) ဆုရသူများ၊ နေ့အလိုက် တစ်ဦးချင်းအကောင်းဆုံး(အကျော့မဲ့)ဆုရသူများအား ဆုများကိုပေးအပ်ချီးမြှင့်သည်။

နေ့အလိုက်ဆု

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က နေ့အလိုက် Longest Drive ဆုရသူများ၊ နေ့အလိုက် Nearest Pin ဆုရသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က တစ်ဦးချင်း (အကျော့ပေး) အကြိုးစားဆုံးဆု၊ တစ်ဦးချင်း(အကျော့မဲ့) အကြိုးစားဆုံးဆုနှင့် အသင်းလိုက်(အကျော့ပေး) အကြိုးစားဆုံးဆုရသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တံခွန်စိုက်ဆုဖလားကြီးချီးမြှင့်

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ၂၀၀၅-၂၀၀၆ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက် (အကျော့ပေး)ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အသင်းနှင့်အသင်းလိုက် (အကျော့မဲ့) ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလားကြီးများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက တစ်ဦးချင်း ဆုရရှိကြသူများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဆုဖလားကြီး ဆွတ်ခူးရရှိသွားကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) အသင်းတို့မှ အားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၂၀၀၅-၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲအသင်းလိုက် (အကျော့မဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၆၅၀ ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းကပထမ၊ စုစုပေါင်းရိုက်ချက် ၆၉၃ ချက်ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၇၀၉ ချက်ဖြင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တတိယရရှိကြပြီး အသင်းလိုက် (အကျော့ပေး) ပြိုင်ပွဲ၌ စုစုပေါင်း ရိုက်ချက် ၅၃၅ ချက်ဖြင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (လေ) အသင်းက ပထမ၊ စုစုပေါင်းရိုက်ချက် ၅၆၃ချက်ဖြင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် အသင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၅၆၆ချက်ဖြင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အသင်းက တတိယ ရရှိကြသည်။

တစ်ဦးချင်း (အကျော့ပေး)

တစ်ဦးချင်း (အကျော့ပေး)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၂၇ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်းမှ ဗိုလ်ကြီးခန့်နေသွေးကပထမ၊ စုစုပေါင်းရိုက်ချက် ၁၂၈ ချက်ဖြင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးဇော်ဝင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၃၂ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းမှ ဗိုလ်ကြီးဇော်ဝင်းထိုက်ကတတိယရရှိကြသည်။

တစ်ဦးချင်း အကျော့မဲ့ပြိုင်ပွဲ

တစ်ဦးချင်း (အကျော့မဲ့)ပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူး ဉာဏ်ကိုက ပထမ၊ စုစုပေါင်းရိုက်ချက် ၁၅၅ ချက်ဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းမှ ဗိုလ်ကြီးဇော်မင်းက ဒုတိယ၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် အရှေ့တောင်တိုင်းစစ်ဌာန ချုပ်အသင်းမှ ဗိုလ်မှူးဇော်ဝင်းက တတိယ ဆုရရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင် ဖွံ့ဖြိုးစည်ပင်

အထက်မင်းလှ ညွန့်အောင်

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံရသည်။ စိုက်ပျိုးရေးကဏ္ဍကိုလည်း လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းပြီး နိုင်ငံတော်၏ စီးပွားရေးဘဝကြီး တစ်ခုလုံးကို မြင့်တက်စေမည် ဖြစ်သည်။

ထို့ကြောင့်နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များတွင် **“စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး”** ဟူသော ဦးတည်ချက်ကို ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဒေသခံ တိုင်းရင်းသားများသည် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စပါး၊ ပြောင်း၊ လူး၊ ဆပ်၊ ပန်းဂျုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ သစ်ဆိမ့်၊ ရော်ဘာ၊ စားတော်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်၊ ပဲစင်းငုံ၊ ပဲယင်း၊ ငရုတ်၊ အာလူး၊ ကြံ၊ လက်ဖက်၊ ကော်ဖီ၊ ငှက်ပျော၊ အုန်း၊ ထန်း၊ ကွမ်းသီး၊ သနပ်ဖက်၊ ပိုးစာပင်၊ ကွမ်းပင်များကို နယ်မြေဒေသ အခြေအနေပေးသည်နှင့် အမျှ တိုးချဲ့စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်ခဲ့သည်။

အထူးသဖြင့် နိုင်ငံ့ရိက္ခာဖြစ်သော စပါးပိုမိုထွက်ရှိရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဆင်းရွှေလီအထူးအထွက်တိုးစပါးကို ၂၀၀၂–၂၀၀၃ ခုနှစ်မှ စ၍ စိုက်ပျိုးထုတ်လုပ်ခဲ့သည်။

၂၀၀၄–၂၀၀၅ခုနှစ် နွေစပါးရာသီတွင် ဆင်းရွှေလီအထူးစံပြကွက်၁၂၂၈ကေစိုက်ပျိုးခဲ့ရာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း(ရုံးချုပ်)နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)တို့မှ ပညာရှင်အဖွဲ့များ၏ ကွင်းဆင်းစံကွက်ရိတ်သိမ်းမှုမှတ်တမ်းများအရ တစ်ကေလျှင် နမ့်ခမ်းတွင် ၂၄၃ဒသမ၈၈တင်း၊ မူဆယ်တွင် ၂၄၁ဒသမ၃၇တင်း၊ ကွတ်ခိုင်တွင် ၂၁၈ဒသမ၉၀တင်း၊ ကျောက်မဲတွင် ၂၀၆ဒသမ၀၁တင်း၊ လားရှိုးတွင် ၂၀၅ဒသမ ၄၃တင်း၊ နောင်ချိုတွင် ၂၀၄ဒသမ၅၀တင်း အမြင့်ဆုံး ထွက်ရှိခဲ့ကြောင်း တွေ့ရသည်။

ဆင်းရွှေလီစပါးသည်တစ်ကေတင်း၂၀၀ကျော်ထွက်ရှိပြီး ထွက်နှုန်းကောင်းသော စပါးမျိုးဖြစ်သဖြင့် တိုးချဲ့ စိုက်ပျိုးထုတ်လုပ်ခဲ့ရာ ၂၀၀၂–၂၀၀၃ ခုနှစ် မိုးရာသီတွင် ကေ၂၅၀၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၃၃၈၆၁၀၇တင်း ထွက်ရှိခဲ့သည်။ ယင်းနှစ် နွေရာသီတွင် ကေ ၉၃၃၀ စိုက်ပျိုးနိုင်ခဲ့ပြီး ၁၀၃၂၈၃၁တင်း ထွက်ရှိခဲ့သည်။ ၂၀၀၃–၂၀၀၄ခုနှစ် မိုးရာသီတွင် ကေ ၁၀၄၀၈၀ နှင့် နွေရာသီတွင်၁၁၆၁၈ကေ စုစုပေါင်း ၁၁၅၇၀၆ကေ စိုက်ပျိုးနိုင်ခဲ့ပြီး ၁၄၃၉၂၉၆၈ တင်း ထွက်ရှိခဲ့သည်။

၂၀၀၄–၂၀၀၅ ခုနှစ်တွင် မိုးရာသီ၌ ၁၀၆၂၃၁ကေ၊ နွေရာသီ၌ ၁၆၉၃၉ကေ စုစုပေါင်း ကေ ၁၂၃၁၇၀ စိုက်ပျိုးနိုင်ခဲ့ပြီး စုစုပေါင်း စပါး တင်း၁၆၂၁၃၃၃၄ ထွက်ရှိခဲ့သည်။

ယခု ၂၀၀၅–၂၀၀၆ မိုးရာသီတွင် ၁၀၉၇၂၈ကေ စိုက်ပျိုးရန် လျာထားသော်လည်း ၁၂၀၆၅၉ ကေထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့သဖြင့် အထွက်ကောင်းဆင်းရွှေလီစပါးများ ပိုမိုထုတ်လုပ်နိုင်မည် ဖြစ်သည်။

၎င်းပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဒေသဝမ်းစာဖူလုံရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ၂၀၀၅– ၂၀၀၆ခုနှစ် မိုးရာသီတွင် ဆင်းရတနာစပါး၁၃၆၇၉ကေကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် မိုးစပါး စိုက်ကေသုံးသိန်းပြည့်မီသည်အထိ ရှာဖွေဖော်ထုတ်တိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းအားထုတ်ခဲ့သည်။

ယင်းသို့ ကြိုးပမ်းအားထုတ်ရာတွင် ၂၀၀၄–၂၀၀၅ခုနှစ်နှင့် ၂၀၀၅–၂၀၀၆ခုနှစ်အတွင်း ယခင်က နှစ်ပေါင်းများစွာ ဘိန်းစိုက်ပျိုးခဲ့ကြသည့် ဘိန်းစိုက်မြေကေများ အားလုံးကို ဘိန်းစိုက်ပျိုးမှု ကင်းစင်အောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့ပြီး ယာစပါးစိုက်ကေများ၊ လယ်စပါးစိုက်ကေများ တိုးတက်စည်းရုံး စိုက်ပျိုးနိုင်ခဲ့သည့်အတွက် မိုးစပါး စိုက်ကေစုစုပေါင်း ၄၅၇၆၀၉ထိ ရည်မှန်းချက်အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ယာမြေများကို လယ်မြေများအဖြစ် လှေကားထစ်လယ်များအဆင့်သို့ စက်အား၊ လူထုအား၊ တပ်မတော်သား အင်အားများဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ အလွန်တရာ အားရကျေနပ် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင် ဖြစ်သည်။

၂၀၀၅–၂၀၀၆ ခုနှစ် မိုးစပါး (လယ်)၊ မိုးစပါး(ယာ)နှင့် မိုးစပါး (တောင်ယာ)စိုက်ပျိုးရန် လျာထားချက်အပေါ် ၂၀၀၅ခုနှစ် ဩဂုတ် ၃၁ရက်နေ့အထိ စိုက်ပျိုးပြီးစီးမှုမှာ လားရှိုးခရိုင်တွင် ၁၁၉၃၃၂ကေ၊ မူဆယ်ခရိုင်တွင် ၇၂၈၆၇ကေ၊ ကျောက်မဲခရိုင်တွင် ၁၆၀၅၃၄ ကေ၊ ကွမ်းလုံခရိုင်တွင် ၂၈၆၄ကေ၊ လောက်ကိုင်ခရိုင်တွင် ၁၅၉၉၆ ကေ စိုက်ပျိုးပြီးစီးခဲ့ပြီး ဖြစ်သည်။

စပါးစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်စီးပွားရေး၏ အဓိက အခန်းမှပါဝင်နေသဖြင့် မိုးစပါး အပြင် နွေစပါးများကိုလည်း စိုက်ပျိုးလျက်ရှိရာ ၂၀၀၄–၂၀၀၅ နွေစပါး အမှန်စိုက်ကေမှာ လားရှိုးခရိုင်တွင် ၅၈၂၂ကေ၊ မူဆယ်ခရိုင်တွင် ၆၆၀၄ ကေ၊ ကျောက်မဲခရိုင်တွင် ၄၇၂၈ ကေ၊ ကွမ်းလုံခရိုင်တွင် ၅၈၄ကေ၊ လောက်ကိုင်ခရိုင်တွင် ရှစ်ကေ စုစုပေါင်း ၁၇၇၄၆ကေ ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၀၅–၂၀၀၆ ခုနှစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ စိုက်ပျိုးရန် လျာထားချက်အပေါ် ၂၀၀၅ ခုနှစ် ဩဂုတ်၃၁ရက်နေ့အထိ စိုက်ပျိုးပြီးစီးမှုကို ကြည့်လျှင် ကော်ဖီ ကေ၇၃၉၀၊ လက်ဖက်၁၂၃၇၇၉ ကေ၊ ငရုတ်ကောင်း ၂၁ကေ ဖြစ်သည်။

၂၀၀၅–၂၀၀၆ခုနှစ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏ ရော်ဘာစိုက်ပျိုးမှုမှာ ၁၂၉၉၇ကေ ဖြစ်ပြီး မူးယစ်ဆေးဝါးပပျောက်ရေး ငါးနှစ်စီမံကိန်းဒေသများ၏ဘိန်းအစားထိုးသီးနှံအဖြစ် စပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပန်းဂျုံ၊ ပဲပုပ်၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ငရုတ်နှင့် ဟင်းသီးဟင်းရွက်၂၆၇၉၈၂ကေစိုက်ပျိုးခဲ့ပြီး ဖြစ်သည်။ ထို့ပြင် ဘိန်းအစားထိုး ဆောင်းသီးနှံအဖြစ် ဂျုံ၊ ပန်းဂျုံ၊ ပဲပုပ်၊ စားတော်ပဲ၊ မြေပဲ၊ ဆီမုန်ညင်း၊ ပန်းနှမ်း၊ နေကြာ၊ အာလူးနှင့် ဟင်းသီးဟင်းရွက် ၉၆၄၂၆ ကေ စိုက်ပျိုးရန် လျာထားပြီး ဘိန်းအစားထိုး နှစ်ရှည်သီးနှံများအဖြစ် လက်ဖက်၊ ကော်ဖီ၊ သရက်၊ ရှောက်၊ သံပရာ၊ ကျွဲကော၊ လိမ္မော်၊ ပျားလိမ္မော်၊ နာနတ်၊ ဩဇာ၊ လိုက်ချီး၊ သစ်တော်၊ စီချမ်ငရုတ်ကောင်း၊ မက်မန်း၊ သစ်ကြား၊ သစ်အယ်၊ မန်ကျည်းနှင့် အခြားသီးနှံများ ၅၃၈၃၁ကေ စိုက်ပျိုးထားရှိပြီး ဖြစ်သည်။

ကုန်းမြင့်လယ်ယာဖော်ထုတ်မှုအနေဖြင့် ၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်တွင် ၂၉၉၂ကေ ဖော်ထုတ်နိုင်ခဲ့ပြီး၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်တွင် မြေကေ၅၀၀၀ ဖော်ထုတ်ရန် လျာထားဆောင်ရွက်လျက် ရှိသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် လျှိုမြောင် ချောက်ကမ်းပါးများနှင့် တောင်တန်းကြီးများရှိနေသဖြင့် သဘာဝ အနေအထားအရ စိုက်ပျိုးရေးလုပ်ငန်းများကို ခက်ခက်ခဲခဲ ကြိုးပမ်းနေရသည်။

မည်သို့ပင်ဆိုစေရှမ်းပြည်နယ် (မြောက်ပိုင်း)အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၏ ဦးဆောင် စည်းရုံးမှုဖြင့် ဒေသခံ တိုင်းရင်းသားပြည်သူများသည် မိမိ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးစီးပွား မြင့်မားလာစေရန်အတွက်လည်း အားနှင့်မာန်နှင့် လုံ့လနှင့်၊ တက်စုံဖွင့်၊ ရွက်ကုန်လွှင့်ကာကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

မူဆယ်မြို့နယ် ဖိုင်းကျောင်းကျေးရွာတွင် တစ်ကေတင်း ၂၀၀ ကျော်ထွက်ရှိသော ဆင်းရွှေလီအထူးအထွက်တိုး နွေစပါးစံပြကွက် ရိတ်သိမ်းမှုကို ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် စိုက်ပျိုးရေးသုတေသနမှ ပညာရှင်များ ကြည့်ရှုစစ်ဆေးစဉ်။
ဓာတ်ပုံ–မောင်မောင်သန်း(ကော့မှူး)

လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စခန်းရုံးဝင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေလီပဲပုပ် စိုက်ခင်းကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံ–မောင်မောင်သန်း(ကော့မှူး)

လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် စခန်းရုံးဝင်းအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေလီနေကြာစိုက်ခင်းကို တွေ့ရစဉ်။
ဓာတ်ပုံ–မောင်မောင်သန်း(ကော့မှူး)

နမ့်ခမ်းမြို့နယ်ရှိ တစ်ကေတင်း၂၀၀ကျော် ထွက်ရှိသောဆင်းရွှေလီ အထူးအထွက်တိုး မိုးစပါးစံပြကွက်ကို တွေ့ရစဉ်။
ဓာတ်ပုံ–မောင်မောင်သန်း(ကော့မှူး)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု သိန်းနီတံတားသစ်ဖွင့် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်တက်ရောက်စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သိန်းနီတံတားသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီက အဆိုပါ တံတားထိပ်၌ ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

အစီအစဉ်အရ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာချုပ် ဦးကျော်တင်နှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်စီမံကိန်း ဒါရိုက်တာ ဦးမောင်ကျေးတို့က သိန်းနီတံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က သိန်းနီတံတားသစ်၏ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် တံတားသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါ သိန်းနီတံတားသစ်သည် လားရှိုး-မူဆယ်လမ်း သိန်းနီမြို့နယ်တွင် တည်ရှိပြီး သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်၍ တံတားအရှည်ပေ ၁၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ တံတားချဉ်းကပ်ကတ္တရာလမ်းသစ် အရှည် တစ်မိုင်နှင့် တံတားခံနိုင်ဝန်မှာ တန် ၆၀ဖြစ်ကြောင်း သိရှိရသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် သိန်းနီမြို့ မြို့မစိုက်ကွင်းရှိ နှမ်းစပါးစံပြကေ ၁၀၀စိုက်ခင်းအနီး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ သိန်းနီမြို့နယ် ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က မြို့နယ်အတွင်း နှမ်းစပါးစိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကိုရှင်းလင်းတင်ပြပြီး တိုင်းမှူးက နှမ်းစပါးနှင့်ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်က ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဘောလ်ပင်အချောင်း ၁၈၀၀၀ကို သိန်းနီတပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်မျိုးအား ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့ဝင်များသည် နှမ်းစပါးစံပြကေ ၁၀၀ စိုက်ခင်းအတွင်း ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးပင်များ၏ ဖြစ်ထွန်းအောင်မြင်နေမှုကို လည်းကောင်း၊ မြို့မစိုက်ကွင်းအနီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ စိုက်ပျိုးလျက်ရှိသော ကြက်ဆူပင်စံပြပျိုးဥယျာဉ်၌ ကြက်ဆူပျိုးပင် တစ်သိန်းနှစ်သောင်း ပျိုးထောင်စိုက်ပျိုးပြီးစီးမှုကို လည်းကောင်း၊ သိန်းနီတပ်နယ်ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့်တပ်ဦးစေတီတော်အဝင်လမ်းမကြီး ဖောက်လုပ်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တပ်ဦးစေတီတော် ဘက်စုံမွမ်းမံပြင်ဆင်ရေးနှင့် ဘုရားပွဲတော်ကျင်းပရေးအတွက် တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေကျပ် ၁၀သိန်းကို တိုင်းမှူးကလည်းကောင်း၊ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ လှူဒါန်းငွေကျပ် ၁၅သန်းကို စီမံကိန်းဒါရိုက်တာ ဦးမောင်ကျေးတို့ကလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းရာ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးက လက်ခံရယူသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် မန်မော်ဒေသရှိ တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီအထွက်ကောင်းကြံစံပြကေ ၁၀၀စိုက်ခင်းနှင့် ကေ ၁၀၀၀မျိုးစေ့ထုတ်ဇုန်အတွင်းရှိ အထွက်ကောင်းကြံစံပြကေ ၃၀စိုက်ခင်းဖြစ်ထွန်း အောင်မြင်နေမှုနှင့် နှစ်တိုနာနတ်စိုက်ခင်းအကြား ကြက်ဆူပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှု အုန်းဆံဆိမ့်ပင်များ ဖြစ်ထွန်းမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့ နံ့သာကုန်းလမ်း နံ့သာကုန်းရပ်ကွက် အမှတ် (၁၃၉)နေ ဦးတင်ထွန်းအား ရည်စူး၍ ဇနီးဖြစ်သူ ဒေါ်ခင်မြင့်နှင့် မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို အင်းစိန်မြို့ မာလာရာမကွက်သစ်ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းအတွင်းရေးမှူး ဦးကျော်သန့်နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဦးခင်မောင်ကြီးတို့က လက်ခံယူကြစဉ်။ (က-ပ)

ဂွနှင့် ကျိန်တလီမြို့နယ် ကြက်ဆူပင်ပျိုးထောင်ခြင်းအခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်ပျိုးထောင်ပေး ကြက်ဆူဆီဖြင့် စက်ကိရိယာများ သရုပ်ပြမောင်းနှင်မှုကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းက ဂွမြို့နယ် သစ်တောဦးစီးဌာန ခြံဝင်းအတွင်းကျင်းပသော ကြက်ဆူပင်ပျိုးထောင်ခြင်းနှင့် ကြက်ဆူဆီဖြင့် စက်ကိရိယာများ လက်တွေ့မောင်းနှင်သရုပ်ပြခြင်းအခမ်းအနားသို့ တက်ရောက်၍ ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထိုနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုက ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးနည်းစနစ်နှင့် အသုံးဝင်ပုံများကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းက ကြက်ဆူဆီ၏ စွမ်းရည်များနှင့် ကြက်ဆူဆီထုတ်လုပ်ပုံနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ပျိုးထောင်စိုက်ပျိုးပေး

ယင်းနောက် တိုင်းမှူးက လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ကြက်ဆူပင် မျိုးစေ့နှင့် ပျိုးကိုင်းများပေးအပ်ပြီးနောက် တက်ရောက်လာကြသူများနှင့် အတူ ကြက်ဆူပင်မျိုးစေ့ သုံးသောင်းနှင့် ကြက်ဆူပျိုးကိုင်းနှစ်ထောင်ကို စုပေါင်းပျိုးထောင် စိုက်ပျိုးပေးကြသည်။

မောင်းနှင်သရုပ်ပြ

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် ခြံစည်းရိုးကြက်ဆူပင်မှရရှိသော ကြက်ဆူဆီကို အသုံးပြု၍ ထော်လာဂျီများ၊ စက်လှေများ၊ စပါးခြွေလှေ့စက်များ လက်တွေ့မောင်းနှင် သရုပ်ပြမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ဂွမြို့နယ် မြန်မာ့နှစ်ရှည်ပင်စိုက်ပျိုးရေးလုပ်ငန်း ပျိုးဥယျာဉ်၌ ကျင်းပသော ကြက်ဆူစိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကာ တက်ရောက်လာကြသူများနှင့်အတူ ကြက်ဆူပျိုးကိုင်းပင် ၁၂၀၀ကိုစုပေါင်းစိုက်ပျိုးပေး၍ ကြက်ဆူပင်ပျိုးထောင်ခြင်းနှင့်ကြက်ဆူဆီဖြင့် စက်ကိရိယာများ လက်တွေ့မောင်းနှင် သရုပ်ပြခြင်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဂွမြို့နယ်မြေခံတပ်ရင်းစုပေါင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီးနောက် ဂွမြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း၏ ရွာသစ်ကုန်း ရော်ဘာခြံသို့ လည်းကောင်း၊ ဂွမြို့နယ် ကမ်းသာယာဟိုတယ်သို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျိန်တလီမြို့နယ် ဆောက်လုပ်ရေးရိပ်သာ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပျိုးထောင်ခြင်းနှင့် ကြက်ဆူဆီဖြင့် စက်ကိရိယာများ လက်တွေ့မောင်းနှင်းသရုပ်ပြပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကြက်ဆူပင် စိုက်ပျိုးနည်းစနစ်နှင့် အသုံးဝင်ပုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား ကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများ ဝေငှပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူကြက်ဆူမျိုးစေ့ ၃၀၀၀ နှင့် ပျိုးကိုင်း ၂၀၀၀ ကို တပျော်တပါး စုပေါင်းပျိုးထောင် စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများသည် ကြက်ဆူဆီဖြင့် မြေထိုးစက်၊ ထော်လာဂျီ၊ မီးစက်များ လက်တွေ့သရုပ်ပြ မောင်းနှင်ခြင်းကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာတွင် ၂လက်မ စက်ရေတွင်းသစ် တူးဖော်ပေးခဲ့ရာ ဖေဖော်ဝါရီ ၈ရက်က ရေစက်ရုံနှင့် ရေလှောင်ကန်အသစ်တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (မြို့နယ်စည်ပင်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ ကယားပြည်နယ် ဖရူဆိုမြို့နယ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကယားပြည်နယ် ဖရူဆိုမြို့ ခြံစည်းရိုးကြက်ဆူစုပေါင်းပျိုးထောင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးဝင်းအတွင်း ပျိုးခြံရှေ့၌ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးသိန်းစိုးက ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပုံနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

စုပေါင်းပျိုးထောင်

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌနှင့်ဇနီး၊ တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးပင်ပေါက် ၄၀၂၄၀ ကို တပျော်တပါး စုပေါင်းပျိုးထောင် စိုက်ပျိုးပေးကြသည်။

ယင်းနောက် ခြံစည်းရိုးကြက်ဆူဆီဖြင့် မီးဖို၊ မီးအိမ်၊ ရေစုပ်စက်နှင့် လက်တွန်း ထွန်စက်တို့ကို အသုံးပြုသရုပ်ပြသ၍ ခြံစည်းရိုးကြက်ဆူကိုင်းများ၊ မျိုးစေ့နှင့် အပင်ပေါက်များ၊ အပင်အားဆေးတို့ကိုပြသထားကာ ဒေသခံပြည်သူများက ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဆိုင်ရာအမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ

(National Seminar on the Anti Trafficking in Persons Law)

၂၈-၂-၂၀၀၆ မှ ၁-၃-၂၀၀၆

ရန်ကုန်၊ ဆီဒိုးနားဟိုတယ်

မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် ပျိုးရွယ်သူများ မျိုးဆက်ပွားကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းစီမံချက်ဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပျိုးရွယ်သူများမျိုးဆက်ပွားကျန်းမာရေးမြှင့်တင်မှုလုပ်ငန်း ဗဟိုအဆင့်ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေ အဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ပျိုးရွယ်သူများ မျိုးဆက်ပွားကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းစီမံချက်ဆိုင်ရာ ဗဟိုအဆင့် ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေ ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များမှ တာဝန်ရှိသူများ၊ သင်တန်း ဆရာများ၊ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B. Bakerက စီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် သင်တန်းသားစုစုပေါင်း ၄၀တို့ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်သည်။

ယခုသင်တန်းမှ သင်တန်းသားများသည် မိမိဒေသပြည်နယ်နှင့် တိုင်းတို့တွင် သင်တန်းသား ၄၅ ဦးစီကို ဆင့်ပွား သင်တန်းပြန်လည်ပို့ချမည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

ဆွေးနွေးပွဲတက်ရောက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပမည့် “အာဆီယံ+၃ မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲ” (ASEAN+3 Copyright Seminar)သို့တက်ရောက်ရန် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ထွက်ခွာသွားရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့ ပရိယတ္တိ သဒ္ဓမ္မပါလအသင်း စိန်ရတုဓမ္မပူဇာ ဆုနှင်းသဘင်ကို ဖေဖော်ဝါရီ၂၃ရက်က ကျင်းပရာ ကျောင်းဒါယိကာမကြီး ဒေါ်အေးကြည်က ငွေကျပ်သုံးသိန်းကို အတွင်းရေးမှူး ဦးစိုးဝင်းထံပေးအပ်လှူဒါန်းစဉ်။
(က-ပ)

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၂၄)ရပ်ကွက် ၎ဝါလမ်းထိပ်ရှိ ရှင်ဥပဂုတ္တကန်တော်၌ ကန်ဆင့် လုပ်အားဒါနကို ဖေဖော်ဝါရီ၁၉ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးတင်လှ ဦးဆောင်၍ ဆောင်ရွက်ကြစဉ်။
(က-ပ)

မြို့တော်စည်ပင်နှင့် သစ်တောရေးရာသရေကျ ဘဏ္ဍာ/ အခွန်နှင့်ပို့ဆောင်ရေး တစ်ဂိုးစီသရေကျ

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၅-၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းနှင့် သစ်တောရေးရာအသင်းတို့ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်သွားသည်။

ယနေ့ ပွဲစဉ်များ အပြီးတွင် မြို့တော်စည်ပင်အသင်းက (၁၃)ပွဲကစား ၁၈မှတ်ဖြင့် အဆင့် ၆၌ ရပ်တည်လျက်ရှိသည်။ သစ်တောရေးရာအသင်းက (၁၃)ပွဲကစား ၁၇ မှတ်ဖြင့် အဆင့် ၈၌ ရပ်တည်လျက်ရှိသည်။

တစ်ဂိုးစီသရေ

လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင် ကစားရာ တစ်ဖက် တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်းတွင် ကျော်ကျော်စိုးက သွင်းယူပေးသည်။ ပို့ဆောင်ရေးအသင်းအတွက် ချေပဂိုးကို ဒုတိယပိုင်းတွင် ပြည့်ဖြိုးဦးက သွင်းယူပေးသည်။ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် (၁၂)ပွဲ ဆက်တိုက် အနိုင်ရရှိခဲ့ရာမှ ယခုဘောလုံးရာသီ၌ ပထမဆုံးသရေပွဲနှင့် ရင်ဆိုင်လိုက်ရခြင်းဖြစ်သည်။

ယနေ့ ပွဲစဉ်များ အပြီးတွင် ဘဏ္ဍာ/ အခွန်အသင်းက (၁၃)ပွဲ ကစား ၃၇ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ရပ်တည်လျက်ရှိသည်။ ပို့ဆောင်ရေးအသင်းက (၁၃)ပွဲကစား ၂၅ မှတ်ဖြင့် တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၂၈ရက် **(ယနေ့)** ညနေ ၃ နာရီခွဲ တွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် စွန်ရဲအသင်း၊ လူငယ် အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆောက်လုပ်ရေးအသင်းနှင့် စီးပွား/ကူးသန်း အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်း ဘောလုံး ပြိုင်ပွဲကို အောင်ဆန်း အားကစားပြိုင်ဝင်းတွင် ဆက်လက် ကျင်းပရာ မြို့တော်စည်ပင်အသင်း (အကျီဖြူ) ထိုးဖောက်မှုကို သစ်တောရေးရာ နောက်တန်းလူ နံပါတ် ၂၀ ကျော်နိုင်စိုး လိုက်လံဖျက်ထုတ်စဉ်။
(မြန်မာ့အလင်း)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၇

ဦးမြတ်ခိုင်သည် ကစားဖော်များ ဖြစ်ကြသော ဦးမြဆွေ (မြညီနောင် ပလတ်စတစ်)၊ ဦးအောင်ဝင်းသန်း၊ ဦးအေးငွေ၊ ဦးခင်မောင်ချို တို့နှင့်အတူ ဖေဖော်ဝါရီ၃ ရက်တွင် ရန်ကုန်မြို့ ကိုးမိုင်ရှိ မြန်မာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားကြရာ ၁၅၄ကိုက် အကွာအဝေးရှိ ကျင်းအမှတ် (၅)တွင် Titliest Professional No.(90) ဘောလုံးကို Tour Classic No. (60) တုတ်ဖြင့်ရိုက်လိုက် ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲဆက်လက်ကျင်းပ

Myanmar PGA
&
Myanmar Golf Federation
President Cup

ရန်ကုန် ဖေဖော်ဝါရီ ၂၇

မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး ကျင်းပသော ၂၀၀၆ခုနှစ် မြန်မာ-ပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက် ပြိုင်ပွဲ Myanmar PGA and Myanmar Golf Federation President Cup 2006 ကို ယနေ့ နံနက်၈နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ Hanthawaddy Golf and Country Club ၌ ကျင်းပသည်။

ဦးဆောင်ကစား

ဒုတိယနေ့၁၈ကျင်း ပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ စိုးကျော်နိုင် (Srixon)က ၆၈+၇၂ ပေါင်း အချက်၁၄၀ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇော်လတ် (Srixon)က ၇၄-၇၀နှင့် အောင်ဝင်း (Srixon+ YCDC)က ၆၉+၇၅ ပေါင်း၁၄၄ချက်စီဖြင့် ဒုတိယလိုက်ပြီး အောင်ဆန်းဝင်း (Srixon)က ၇၃+၇၂ ပေါင်း၁၄၅ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဌေးအောင်ဌေးက ၇၄+၇၃ပေါင်း၁၄၇ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ နိုင်နိုင်လင်းက ၇၄+၇၅ပေါင်း ၁၄၉ချက်ဖြင့် ဒုတိယလိုက်ကာ၊ အောင်ဝင်း (သစ်တောရေးရာ)က ၇၈+၇၄နှင့် ဘိုဘိုက ၇၄+၇၈ပေါင်း ၁၅၂ချက်စီဖြင့် တတိယလိုက်နေကြသည်။

တာဝန်ယူဆောင်ရွက်

ယင်းပြိုင်ပွဲ၏ Official Bank အဖြစ် KBZ Bank Ltd., Official Golf Equipment အဖြစ် KM Golf Centre ၊ Official Drinking Water အဖြစ် Imperial Jade Purified Drinking Water ၊ Grand Royal Special Reserve၊ Myanmar Brewery Ltd., Eden Group Co., Ltd., Hanthawaddy Golf and Country Club တို့က အသီးသီး ပါဝင်ကူညီကြကာ Hole-in-One Sponsor အဖြစ် Taunggyi Gem-master Enterprises Ltd., ကဖြစ်ပြီး၊ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင် ရွက်ပေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၈ရက် နံနက် ၈နာရီတွင် တတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ပွဲစဉ်(၂၇)လက်ကျန်ပွဲများ ဆက်လက်ကစား လီဗာပူး၊ ဘော်လ်တန်နှင့် မစ်ဒယ်ဘရော့တို့ နိုင်ပွဲများရရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၇

ပရီမီယာလိဂ်ပွဲစဉ်(၂၇)လက်ကျန်ပွဲများကို ဖေဖော်ဝါရီ ၂၆ရက်က ဆက်လက်ကစားရာ လီဗာပူးက မန်စီးတီးကို အနိုင်ရပြီး ဘော်လ်တန်နှင့် မစ်ဒယ်ဘရော့တို့လည်း အနိုင်ပွဲများရရှိခဲ့ကြသည်။ လီဗာပူးတို့ နိုင်ပွဲဆက်ခဲ့သဖြင့် ဒုတိယနေရာမှ မန်ယူကို ခြိမ်းခြောက်နိုင်ခဲ့ပြီဖြစ်သည်။

လီဗာပူးနှင့် မန်စီးတီး

ပရီမီယာလိဂ်တွင် ပုံမှန်ခြေစွမ်း ပြန်ရနေသော လီဗာပူးတို့အိမ်ကွင်း အန်ဖီးလ်၌ မန်စီးတီးကို ခက်ခက်ခဲခဲ ကစားပြီး အနိုင်ယူနိုင်ခဲ့သည်။ အိမ်ကွင်း၌ ၁၃ပွဲကစားပြီး တစ်ပွဲသာရှုံးသေးသော လီဗာပူးတို့ မန်စီးတီးကို လူစုံထုတ် ကစားခဲ့ရာ မိုရီရင်တေးစ်၊ ပီတာခရော့ချ်၊ ရီဆီ၊ ကီးဝဲလ်၊ ဂျရတ်၊ အလွန်ဆိုနှင့် ဟစ်ပီယာ စသည့် အမာခံလူများ ပါဝင်ခဲ့သည်။

ဂျရတ် ဦးဆောင်သော လီဗာပူးသည် မန်စီးတီးတို့၏ နေရာမျိုးစုံ ထိုးဖောက်မှုကို ကွင်းလယ်မှ ဟန့်တားရင်း တိုက်စစ်မှူးများထံ ဘောလုံးတင်ပို့မှုများ ပြုလုပ်ခဲ့သော်လည်း လီဗာပူးတိုက်စစ်မှူးများ အဝင်အထွက် နောက်ကျနေမှု၊ ဆန္ဒစောပြီး ကန်သွင်းချက်များ ဂိုးပေါက်မတည့်မှုတို့ကြောင့် ဂိုးမရရှိဘဲ ဖြစ်နေခဲ့သည်။

ပွဲချိန် မိနစ် ၄၀ ရောက်မှသာ လီဗာပူးမှ ကီးဝဲလ်က မန်စီးတီး ဂိုးဧရိယာအတွင်း ၁၂ကိုက်အကွာမှ ဘယ်ခြေဖြင့်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

မန်စီးတီးတို့ ချေပဂိုး ရရှိရေး အတွက် အပြင်းအထန် ကြိုးစားသော်လည်း လီဗာပူး နောက်ခံလူများက သိပ်သည်းစွာခုခံမှုနှင့် ဟန့်တားနိုင်မှုတို့အပြင် မန်စီးတီး တိုက်စစ်မှူးများဖြစ်သည့် ဆာမာရာ၊ ဆီဘီရာစကီ၊ စင်ကလဲယားတို့၏ ကန်သွင်းချက်များကလည်း မသေချာမှုတို့ကြောင့် ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

၁၀ ဦး

မန်စီးတီးတို့ ချေပဂိုးသွင်းယူနိုင်ရေး ဒုတိယပိုင်းတွင်ကြိုးစားသော်လည်း ပွဲချိန် ၅၂မိနစ်တွင် မန်စီးတီးမှ ဘာတန်နှစ်ဝါတစ်နီဖြင့် ထွက်ခဲ့ရ၍ မန်စီးတီးတို့ ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။

လီဗာပူးက အလွန်ဆို အစား ဟာမန်း၊ ပီတာခရော့ချ်အစား ဂါစီယာနှင့် ကီးဝဲလ်အစား တီရာရိုရီတို့ ဝင်ရောက်ကစားသော်လည်း ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးအသာဖြင့် အနိုင်ရရှိခဲ့သည်။ လီဗာပူးတို့ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ၂၆ပွဲကစား ၅၁မှတ်ရရှိကာ ဒုတိယနေရာမှ မန်ယူနှင့်ပွဲတူ သုံးမှတ်အကွာ၌ ရှိနေသည်။

ဝက်စ်ဘရွန်းနှင့် မစ်ဒယ်ဘရော့

ယခုနှစ် ဘောလုံးရာသီ၌ အဝေးကွင်းရလဒ်မကောင်းသော မစ်ဒယ်ဘရော့တို့ အဝေးကွင်း သုံးပွဲမြောက် နိုင်ပွဲရရှိခဲ့သည်။ အဝေးကွင်းဖြစ်သော်လည်း မစ်ဒယ်ဘရော့တို့က ပွဲစသည်နှင့်တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၁၇ မိနစ်မှာပင် မစ်ဒယ်ဘရော့ တိုက်စစ်မှူး ဟက်ဆယ်ဘိမ့်က ဝက်စ်ဘရွန်း ဂိုးဧရိယာအတွင်း ဂိုးနှင့် ၁၂ ကိုက်အကွာမှ အနီးကပ် ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးစတင်ရရှိခဲ့သည်။

ချေပဂိုး ရရှိရေး ဝက်စ်ဘရွန်း တိုက်စစ်မှူး ကနူး၊ ကာမာရာနှင့် ကမ်းဘဲလ်တို့ ကြိုးစားသော်လည်း ချေပဂိုး မသွင်းနိုင်သည့်အပြင် ပထမပိုင်းပွဲချိန် ၄၄ မိနစ်မှာပင် ဟယ်ဆယ်ဘမ့်က ဝက်စ်ဘရွန်း ဂိုးညာခြမ်းမှ ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ပြန် သည်။

ဝက်စ်ဘရွန်းတို့ ချေပဂိုးမသွင်းနိုင်ဘဲ အိမ်ကွင်း၌ ခြောက်ပွဲမြောက် ရှုံးပွဲ ကြုံခဲ့ရပြီး တန်းမဆင်းရရေးပင် အစွမ်းကုန် ကြိုးစားအားထုတ်ရမည့် အနေအထား ရှိနေသည်။

ဘော်လ်တန်နှင့် ဖူလ်ဟမ်

ဥဩ့သည် ဖူလ်ဟမ်၏ အဖွင့်ဂိုးသွင်းယူပြီးမှသာ ဘော်လ်တန်တို့ ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဖူလ်ဟမ်အတွက် အဖွင့်ဂိုးကို ပထမပိုင်းပွဲချိန် ၂၂မိနစ်အတွင်း ဖူလ်ဟမ်တိုက်စစ်မှူး ဟီလ်ဂူဆမ်က ဘော်လ်တန် ဂိုးဧရိယာအတွင်းမှ ခေါင်းတိုက်သွင်းယူသွားခဲ့ခြင်းဖြစ်သည်။

သို့သော် ဘော်လ်တန်တို့က ချေပဂိုးရရှိရေး ထိုးဖောက်ကစားရာမှ ပထမပိုင်းပွဲပြီးချိန်အနီး ၄၅ မိနစ်တွင် ဖူလ်ဟမ်မှ ဟီလ်ဂူဆမ်က ဘောလုံးဖျက်ထုတ်ရာမှ ဂိုးဝင်သွားခဲ့သဖြင့် ဘော်လ်တန်တို ချေပဂိုးရရှိခဲ့သည်။

ဘော်လ်တန်တို့အနိုင်ဂိုးသွင်းယူနိုင်ရေး ဆက်တိုက် ထိုးဖောက်ကစားရာ ပွဲချိန် ၆၈ မိနစ်တွင် ဘော်လ်တန်မှ ကီဗင်နိုလန်က ပွဲချိန် ၆၈မိနစ်၌ ဖူလ်ဟမ်ဂိုးဧရိယာအတွင်းမှ ညာခြေဖြင့် အနီးကပ် ကန်သွင်းယူခဲ့သဖြင့် အနိုင်ဂိုးရရှိခဲ့ပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘော်လ်တန်တို့ ယခုပွဲအနိုင်ရရှိသဖြင့် ၂၄ပွဲ ကစား ၃၉မှတ်ဖြင့် တန်းစီဇယား နဝမနေရာ၌ ရပ်တည်နေသည်။ **(အင်တာနက်)**

ပရီမီယာလိဂ်ပွဲစဉ်(၂၇)အဖြစ် လီဗာပူးနှင့် မန်စီးတီးတို့ပွဲတွင် လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်(ယာ)**၏ထိုးဖောက်ကစားဟန်။**
(ဓာတ်ပုံ–အင်တာနက်)

မန်ယူတို့ ဝီဂန်ကို လေးဂိုးပြတ်အနိုင်ယူပြီး ကားလင်းဖလားဆွတ်ခူး

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၂၇

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ ကားလင်းဖလားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ထောင်စုနှစ်ကွင်း၌ကျင်းပရာ မန်ချက် စတာယူနိုက်တက်က လူသစ်တန်းဝီဂန်ကို လေးဂိုးပြတ်သွင်းပြီး ယခုနှစ် ဘောလုံးရာသီအတွက် တစ်ခုတည်းသောဖလားကိုရယူနိုင်ခဲ့ရာ ဖလားလက်မဲ့ ဖြစ်ရမည့်အရေးမှ ကင်းဝေးခဲ့ရပြီဖြစ်သည်။

ဝီဂန်နှင့်ကစားမည့် ကားလင်းဖလားပြိုင်ပွဲအတွက် နည်းပြဖာဂူဆန်က လူငယ်တိုက်စစ်မှူးများဖြင့် ပွဲထုတ်ခဲ့ရာ ဆာဟာ၊ ရွန်နေတို့အပြင် ပတ်ဂျီဆန်၊ စီရိုနယ်ဒိုတို့ကိုပါ တိုက်စစ်အားဖြည့်ပြီး ကစားစေခဲ့သည်။ နစ္စတယ်ရွိုင်းမပါသော မန်ယူ၏ တိုက်စစ်သည် ဝီဂန်နောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်ထားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။

အဖွင့်ဂိုး

မန်ယူ၏ ထိုးဖောက် တိုက်စစ်ဆင်မှုကို ဝီဂန် ခံစစ်မှူးများဖြစ်သော ဘိုင်နက်စ်၊ ချန်ဘွန်ဒါ၊ အာဂျန်ဒီဇီဂူနှင့် စတီဖန်တို့ မနားတမ်းဟန့်တားဖျက်ထုတ် ကာကွယ်နေခဲ့ရသည်။ သို့သော် ပွဲချိန် ၃၃မိနစ်တွင် မန်ယူတိုက်စစ်မှူးရွန်နေက ဝီဂန် ဂိုးဧရိယာ ပယ်နယ်တီ အမှတ်အသား အနီးမှ ညာခြေဖြင့် အနိမ့်ဘောကန်သွင်းယူလိုက်သဖြင့် မန်ယူတို့ အဖွင့်ဂိုးစတင် ရရှိသွားသည်။

ဂိုးထပ်မံမသွင်းနိုင်

မန်ယူတို့ အဖွင့်ဂိုးစတင်ရရှိသွားသဖြင့် ချေပဂိုးသွင်းနိုင်ရေး ဝီဂန်တို့တန်ပြန်တိုက်စစ်ဆင်ကစားရာ မန်ယူနောက်တန်းနှင့် ဂိုးသမား ဗန်ဒါဆားတို့ ကာကွယ်နိုင်ခဲ့သဖြင့် မန်ယူတို့ ဂိုးမပေးခဲ့ရခြင်း ဖြစ်သည်။ ပထမပိုင်း ပွဲချိန်ပြီးခါနီး ၄၅ မိနစ်တွင် ဝီဂန်မှ အာဂျန်ဒီဇီရူး အဝင်ကြမ်းသဖြင့် အဝါကတ် အပြခံရသည်မှလွဲ၍ ဝီဂန်တို့ ချေပဂိုးပြန်မသွင်းနိုင်သလို မန်ယူတို့လည်း ဂိုးထပ်မံမသွင်းယူနိုင်ခဲ့ချေ။

ဒုတိယပိုင်းကစားချိန်တွင်လည်း မန်ယူတို့ အပေးအယူမှန်မှန်ဖြင့် တိုက်စစ်ဆင် ကစားမှုကြောင့် ပွဲချိန် ၅၅ မိနစ်တွင် မန်ယူ တိုက်စစ်မှူး ဆာဟာက ဝီဂန်ဂိုးဧရိယာ၏ ပယ်နယ်တီ အမှတ်အသားအနီးမှ ညာခြေဖြင့် အနီးကပ် ကန်သွင်းခဲ့သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဒုတိယဂိုးပေးလိုက်ရသဖြင့် ဝီဂန်တို့ကစားအားကျသွားခဲ့ရာမှ မန်ယူတို့ ဒုတိယဂိုးသွင်းယူပြီး လေးမိနစ်အကြာ ပွဲချိန် ၅၉မိနစ်တွင် မန်ယူတောင်ပံ တိုက်စစ်မှူး စီရိုနယ်ဒိုက ဝီဂန် ဂိုးဧရိယာအတွင်းမှညာခြေဖြင့်ကန်သွင်းယူလိုက်ပြန်သဖြင့် တတိယဂိုးရရှိခဲ့ပြန်သည်။

စတုတ္ထဂိုးရရှိခဲ့

ဝီဂန်တို့မန်ယူတိုက်စစ်ကိုကြိုးစားဟန့်တားသော်လည်း မထိန်းနိုင်ဘဲရှိရာမှ ပွဲချိန် ၆၁မိနစ်တွင် မန်ယူတိုက်စစ်မှူး ရွန်နေက ဝီဂန်ဂိုးဧရိယာ ပယ်နယ်တီအမှတ်အသား အလယ်ခန့်မှ ညာခြေဖြင့် ကန်သွင်းယူလိုက်ပြန်သဖြင့် မန်ယူတို့ စတုတ္ထဂိုးရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူတို့လေးဂိုးပြတ် ဦးဆောင်နေချိန်တွင် စီရိုနယ်ဒိုအစား ရစ်ချက်ဆင်၊ ဆီလ်ဗက်စတာအစား အီဗရာနှင့်ဘရောင်းအစားဗီဒစ်တို့ကို အစားထိုးကစားစေခဲ့ပြီး အနိုင်ရလဒ်ကို ထိန်းထားခဲ့သည်။ ဝီဂန်တို့က ပိုလ်စ်အစား ဖီလန်၊ ဟန်ချော့ဇ်အစား မိုက်ကူလ်လော့ချ်၊ ကာဗာနာ့အစားဇီဂလာတို့ အစားထိုး ဝင်ရောက် ကစားခဲ့သော်လည်း ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ပွဲချိန်ပြည့်သည်အထိ ဝီဂန်တို့ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် မန်ယူတို့ လေးဂိုးပြတ်ဖြင့် ကားလင်းဖလားကို ပိုင်ပိုင်နိုင်နိုင် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ မန်ယူတို့ ယခုနှစ် ဘောလုံးရာသီ၌ ကားလင်းဖလားတစ်ခု ရရှိခဲ့ခြင်းအတွက် ဖလားလက်မဲ့ ဖြစ်ရမည့် အခြေအနေမှ ကင်းဝေးခဲ့ရပြီး နည်းပြဖာဂူဆန်လည်း ဘက်ပေါင်းစုံ ဖိအားပေးမှုများမှ သက်သာရာရစေခဲ့သည်။

မှတ်တမ်းတင်နိုင်ခဲ့

ဝီဂန်တို့ မန်ယူနှင့် ခြေရည်တူ မကစားနိုင်သော်လည်း ကားလင်းဖလား သမိုင်းတွင် ပထမဆုံးအကြိမ်အဖြစ် ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့သည့် မှတ်တမ်းကို တင်နိုင်ခဲ့ပြီဖြစ်သည်။ ။

(ကိုးကားချက်–အင်တာနက်)



ကားလင်းဖလား ဗိုလ်လုပွဲအဖြစ် မန်ယူနှင့် ဝီဂန်တို့ပွဲတွင် မန်ယူအသင်း လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ရာ မန်ယူအတွက် နှစ်ဂိုးသွင်းပြီး အကောင်းဆုံး ဘောလုံးသမားဆုရရှိသည့် မန်ယူတိုက်စစ်မှူး ရွန်နေ။
(ဓာတ်ပုံ–အင်တာနက်)

ကားလင်းဖလား ဗိုလ်လုပွဲတွင် ဝီဂန်ကို လေးဂိုးပြတ်သွင်းပြီး အနိုင်ရဗိုလ်စွဲသွားသော မန်ယူအသင်းသားများ ဆုဖလားနှင့်အတူ အောင်ပွဲခံနေကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန် အမျိုးသားပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားမီတာ ၂၀၀ ပြေးပွဲ၌ ဒေးဗစ်ဂျုန်း ပထမရရှိ

ဘော်စတွန် ဖေဖော်ဝါရီ ၂၇

အမေရိကန်နိုင်ငံ ဘော်စတွန်မြို့တွင် ဖေဖော်ဝါရီ ၂၆ရက်က ပြုလုပ်ခဲ့သည့် အမျိုးသားပြေးခုန်ပစ်ပြိုင်ပွဲ၌ အမျိုးသားမီတာ ၂၀၀အပြေးပြိုင်ပွဲတွင် ဒေးဗစ်ဂျုန်းစ်က ပထမရရှိခဲ့သည်။

ဒေးဗစ်ဂျုန်းစ်သည် ယခင်နှစ် အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲ စံချိန်ထက်ကောင်းမွန်အောင် ပြေးနိုင်ခဲ့ကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့အတူ အမျိုးသားမီတာ ၄၀၀ တန်းကျော်ပြေးပွဲ နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ တာရင့်ထရာမဲလ် ဝင်ရောက်ဆင်နွှဲမည်ဖြစ်သည်။ တာရင့်ထရာမဲလ်သည် ယခင်နှစ် အမေရိကန်အမျိုးသားပြေးခုန်ပစ်ပြိုင်ပွဲမီတာ၄၀၀တန်းကျော်ပြေးပွဲတွင် ပထမရွှေတံဆိပ်ဆုဆွတ်ခူးထားသူ ဖြစ်သည်။

တာရင့်ထရာမဲလ် ယခုပြိုင်ပွဲတွင် အနိုင်ရရှိပါက ရုရှားနိုင်ငံ မော်စကိုမြို့၌ကျင်းပမည့် နိုင်ငံတကာပြေးခုန်ပစ်ပြိုင်ပွဲသို့ သွားရောက်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)



အမေရိကန်အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြေးပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့် တာရင့်ထရာမဲလ်။
(ဓာတ်ပုံ–အင်တာနက်)

အမေရိကန် အမျိုးသားမီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမရရှိသွားသော ဒေးဗစ်ဂျုန်း၏ ပြိုင်ပွဲဝင်ဟန်။
(ဓာတ်ပုံ–အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာသင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ပထဝီဝင်ဘာသာ သိမှတ်ဖွယ်ရာ

ပထဝီဝင်ဘာသာရပ်သည် ကမ္ဘာမြေထုတစ်ခုတည်းကိုသာ လေ့လာရမှာမဟုတ်၊ ရေထု၊ လေထုနဲ့ လူသားအပါအဝင် သက်ရှိအပင်၊ တိရစ္ဆာန်သတ္တဝါများအားလုံး အကျုံးဝင်သည်။

အခြေခံပညာအထက်တန်း တက္ကသိုလ်ဝင်တန်း ပထဝီဝင်သင်ရိုးတွင် သဘာဝပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ မြန်မာနိုင်ငံပထဝီဝင်၊ ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်နှင့် လက်တွေ့ပထဝီဝင်ဟူ၍ အပိုင်းကြီး ငါးပိုင်းပါဝင်သည်။

အပိုင်း(က) သဘာဝပထဝီဝင်အပိုင်းတွင် ကမ္ဘာမြေကြီးတည်ဆောက်ပုံ၊ ကမ္ဘာ့မြေထု အပေါ်ယံကျောက်များ၊ ကမ္ဘာ့အပေါ်ယံမြေလွှာရွေ့လျားခြင်း၊ ကမ္ဘာ့ကုန်းမြေသဏ္ဍာန်များ၊ အိုင်များ၊ စိမ့်များနှင့် ကျွန်းများအကြောင်း ပါဝင်သည်။

အပိုင်း(ခ) စီးပွားရေးပထဝီဝင်အပိုင်းတွင် သတ္တုတွင်းထွက်ပစ္စည်း တူးဖော်ခြင်းလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းတူးဖော်ခြင်းလုပ်ငန်း၊ ရေအား၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင် ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးအကြောင်းများ ပါဝင်သည်။

အပိုင်း(ဂ) မြန်မာနိုင်ငံ ပထဝီဝင်အပိုင်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများမှ တွင်းထွက်ပစ္စည်းလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။

အပိုင်း(ဃ) ကမ္ဘာ့ရွေးချယ်နိုင်ငံများ ပထဝီဝင်အပိုင်းတွင် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ယူနိုက်တက်ကင်းဒမ်း(ဗြိတိန်)နိုင်ငံအပြင် ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံများလည်း ထည့်သွင်းထားသည်။

အပိုင်း(င) လက်တွေ့ ပထဝီဝင်အပိုင်းတွင် စကေးများ၊ ကွန်တိုနှင့် ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြ မြေပုံများ၊ ကောင်းကင်ဓာတ်ပုံများ၊ လေ့လာပြန်ဆို တွက်ချက်ခြင်းများ ပါဝင်သည်။

တက္ကသိုလ်ဝင်တန်း ပထဝီဝင်မေးခွန်းပုံစံတွင် အပိုင်းခြောက်ပိုင်းပါဝင်ပြီး အပိုင်း(က)ဓမ္မဓိဋ္ဌာန်၊ အပိုင်း(ခ) သဘာဝပထဝီဝင်၊ အပိုင်း(ဂ) စီးပွားရေးပထဝီဝင်၊ အပိုင်း(ဃ) မြန်မာနိုင်ငံပထဝီဝင်၊ အပိုင်း(င) ကမ္ဘာ့ပထဝီဝင်နှင့် အပိုင်း(စ) လက်တွေ့ပထဝီဝင်မေးခွန်းများ ဖြစ်သည်။ အပိုင်း(က)နှင့်(စ)မှ မေးခွန်းအားလုံးကို ဖြေဆိုရမည်ဖြစ်ပြီး ကျန်အပိုင်းများတစ်ပိုင်းစီမှ တစ်ပုဒ်စီဖြင့် စုစုပေါင်းအားလုံး ခြောက်ပုဒ် ဖြေဆိုရမည်ဖြစ်သည်။ လိုအပ်သောနေရာများတွင် မြေပုံများ၊ သရုပ်ပြပုံများ၊ ပုံကြမ်းများရေးဆွဲပြီး ဖြေရမည်ဖြစ်သည်။ ဖြေဆိုချိန် ၃နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်မှာ ၁၀၀ ဖြစ်သည်။

ဓမ္မဓိဋ္ဌာန်တွင် သုံးပိုင်းပါဝင်ပြီး ၁၅ မှတ်ဖိုး ဖြေရမည်ဖြစ်သည်။ ၁(က) မှား/မှန်ရွေး၊ ၁(ခ) ကွက်လပ်ဖြည့်၊ ၁ (ဂ) အဖြေမှန်ရွေးတို့ဖြစ်သည်။

အပိုင်း(ခ)တွင် သုံးပုဒ်မေးထားပြီး နှစ်သက်ရာတစ်ပုဒ် ရွေးဖြေနိုင်သည်။ မေးခွန်းရှည် နှစ်ပုဒ်နှင့် မှတ်စုတို တစ်ပုဒ်မှ နှစ်သက်ရာတစ်ပုဒ် ၁၅မှတ်ဖိုး ဖြေရမှာဖြစ်သည်။ ထိုနည်းတူ အပိုင်း(ဂ)၊ (ဃ)၊ (င) တွင်လည်း ၁၅မှတ်ဖိုးစီ ဖြေရမည်ဖြစ်၍ လေးပိုင်းအတွက် စုစုပေါင်း အမှတ် ၆၀ ရမည်။

လက်တွေ့ပထဝီဝင် အပိုင်း(စ)မေးခွန်း ၁၄(က)တွင် စကေးနှင့် ကောင်းကင်ဓာတ်ပုံ အကြောင်းအရာထဲမှ ပုစ္ဆာတစ်ခုခုဖြစ်ပြီး ၁၀မှတ်ဖိုး ဖြေရမည်။ မေးခွန်း ၁၄(ခ)တွင် ကွန်တိုမြေပုံကို လေ့လာဖြေဆိုရမည်ဖြစ်ပြီး ၁၅မှတ်ပေးသည်။ ဓမ္မဓိဋ္ဌာန်ကဲ့သို့ မဖြေမနေရ။ ထို့ကြောင့် အပိုင်း(စ)တွင် စုစုပေါင်းပေးမှတ် ၂၅မှတ်ဖြစ်သည်။

သီအိုရီအပိုင်းကို လေ့လာကျက်မှတ်သည့်အခါတွင် မြေပုံနှင့်အချက်အလက်များတွဲပြီး ကျက်မှတ်လျှင် ပိုပြီးမှတ်မိလွယ်သည်။ အလွတ်ကျက်ခြင်းထက် မြေပုံပါအချက်များကို သဘောပေါက် နားလည်ထားပါက ကြောင်းကျိုးဆက်စပ်ပြီး မှတ်မိလွယ်သည့်အတွက် အလွတ်ကျက်သကဲ့သို့ သတိပြုရမှာဖြစ်သည်။ မေးထားသည့် လိုရင်းကိုသာဖြေပါ၊ သိတာတွေအားလုံး ဖြေရမှာမဟုတ်ခြင်းကို သတိပြုရမည်။ တစ်ခုမှာ ကမ္ဘာ့ပထဝီဝင်အပိုင်းတွင် ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများ ပါဝင်သည်။ မည်သည့်နိုင်ငံမဆို လေ့လာရာတွင် နိုင်ငံတိုင်း၏ တည်နေရာ၊ အကျယ်အဝန်း၊ အိမ်နီးချင်းနိုင်ငံများကို သိရမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတိုင်း၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်ဟူ၍ ခွဲခြားလေ့လာ မှတ်သားသင့်သည်။ ရူပပထဝီဝင်အပိုင်းတွင် တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်း၊ ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာများ ပါဝင်သည်။ သဘာဝပထဝီဝင်တွင် မြေမျက်နှာသွင်ပြင်မှ မြေဆီလွှာအထိသာ ပါဝင်သည်။ လူမှုရေးပထဝီဝင်တွင် လူဦးရေ၊ လူမျိုးနှင့် မြို့ကြီးများ ပါဝင်သည်။ **မြို့ကြီးများပါဝင်ခြင်းကို သတိပြုပါ**။ စီးပွားရေးပထဝီဝင်အပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ သစ်ထုတ်လုပ်ငန်း၊ တွင်းထွက်ပစ္စည်းတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပါဝင်သည်။ စီးပွားကုန်ထုတ်လုပ်ငန်းတွင် စိုက်ပျိုးရေးမှ စက်မှုလုပ်ငန်းအထိသာ ပါဝင်သည်။ ဓမ္မဓိဋ္ဌာန်များကိုလည်း ဤအပိုင်းများမှ သိသင့်သည်ဟု ယူဆသောအချက်များကို မှား/မှန်၊ ကွက်လပ်ဖြည့်၊ အမှန်ရွေး စသည်ဖြင့် မေးနိုင်သည်ကို သတိပြုပါ။

ဆက်လက်ပြီး လက်တွေ့ပထဝီဝင်အပိုင်းလေ့လာလျှင် စကေးများ၊ ကောင်းကင်ဓာတ်ပုံများကို တွက်ချက်ရေးဆွဲခြင်း၊ ကွန်တိုနှင့်ကွန်တိုမြေပုံများ၊ မြေပြင်လက္ခဏာပြမြေပုံများကို လေ့လာပြန်ဆိုခြင်းများ ပါဝင်ခြင်းကို တွေ့ရသည်။

လက်တွေ့ တွက်ချက်ခြင်းများမပြုမီ စကေး၏အဓိပ္ပာယ်၊ မြေပုံများပေါ်တွင် စကေးကို မည်သို့ဖော်ပြရမည်။ စကေးတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲတွက်ချက်ခြင်းများကို သိထားသင့်သည်။ အဓိက ပုံပြစကေးနှစ်မျိုး၏ တွက်ချက်ရေးဆွဲခြင်းကို သိထားသင့်သည်။ ပုံပြစကေးတွင် မြေပြင်အကွာအဝေးတစ်ခုနှင့် အချိုးကျ မျဉ်းတစ်ကြောင်းရေးဆွဲပြီး ထိုမျဉ်းကိုလိုအပ်သလို စိတ်ပိုင်းဖော်ပြထားခြင်းဖြစ်သည်။ အဓိကအားဖြင့် စကေးစိပ်နှင့် စကေးကျဲ နှစ်မျိုးရှိသည်။ ယင်းတို့မှာ-

(၁) စကေးစိပ်/အပြည့်ပိုင်းစကေး

(၂) စကေးကျဲ/အဖွင့်ပိုင်းစကေးတို့ ဖြစ်တယ်။

ပုံပြစကေး ရေးဆွဲရာမှာ အဆင့်နှစ်ဆင့် လိုအပ်တယ်။ (၁) တွက်ချက်ရန်
(၂) ဆွဲသားရန် ဖြစ်သည်။

ပုံပြစကေးများ တွက်ရန်၊ဆွဲရန်အတွက် အနည်းဆုံးပြရမည့်ကိန်း၏ "ယူနစ်"ကို သတိပြုရန် လိုအပ်သည်။ **ပေ၊ ကိုက်၊ ဖာလုံ** စသဖြင့် မေးနိုင်သည့်အတွက် ပေးထားသော စာစကေး၊ အပိုင်းစကေး စသည်တို့ကို အရင်ဆုံး ယူနစ်ပြောင်းလဲပေးရမည်။ ထို့ကြောင့် ၁မိုင်မှာ ၆၃၃၆၀ လက်မ(ဒါမှမဟုတ်) ပေ ၅၂၈၀ (ဒါမှမဟုတ်)ကိုက် ၁၇၆၀ (ဒါမှမဟုတ်) ၈ဖာလုံနှင့် ညီမျှခြင်းကို သတိပြုထားသင့်သည်။ လိုသလို ပြောင်းလဲပေးရမှာဖြစ်သည်။

တွက်ချက်သည့်အခါတွင် ရေးဆွဲရမည့်မျဉ်း၏ အလျားရရှိရေးသည် အရေးကြီးသည်။ အသင့်တော်ဆုံး မျဉ်းအလျားမှာ ၄ လက်မနှင့် ၆ လက်မကြား ဖြစ်သည်။ တွက်နည်းကို အဆင့်ဆင့်မှန်အောင် တွက်ရမည်။ တွက်လို့ရသည့်အပေါ်မူတည်ပြီး မှန်ကန်အောင်ဆွဲနိုင်ခြင်းလိုသည်။ ဆွဲသည့်အပိုင်းတွင် စကေးမျဉ်းတိကျမှန်ကန်မှု လိုအပ်သည်။ စကေးမျဉ်းကို စိတ်ပိုင်းသည့်အခါ အစိတ်အပိုင်းများ မှန်ကန်ညီညာအောင် စိတ်ပိုင်းခြင်းမှာ အဓိကလိုအပ်ချက်ဖြစ်သည်။

ဆက်လက်ပြီး ကောင်းကင်ဓာတ်ပုံ လေ့လာပြန်ဆို တွက်ချက်ခြင်းအကြောင်းကို လေ့လာမည်။ ကောင်းကင်ဓာတ်ပုံဆိုသည်မှာ လေယာဉ်အမျိုးမျိုး၊ ဂြိုဟ်တု၊ ဒုံးပျံ စသည့် ယာဉ်တွေမှ ရိုက်ကူးထားသော ဓာတ်ပုံများဖြစ်သည်။ ကောင်းကင်ဓာတ်ပုံ အမျိုးအစားများကို အဓိက နှစ်မျိုးခွဲခြားနိုင်သည်။

(၁) တစောင်းရိုက် ကောင်းကင်ဓာတ်ပုံ

(၂) အောက်တည့်ရိုက် ကောင်းကင်ဓာတ်ပုံများဖြစ်သည်။

တစောင်းရိုက် ကောင်းကင်ဓာတ်ပုံမှာ မိုးကုပ်စက်ဝိုင်းကို မြင်နိုင်သော တစောင်းမြင့် ကောင်းကင်ဓာတ်ပုံနှင့် မိုးကုပ်စက်ဝိုင်းကို မမြင်နိုင်သည့် တစောင်းနိမ့် ကောင်းကင်ဓာတ်ပုံဟူ၍ နှစ်မျိုးထပ်မံခွဲခြားနိုင်သည်။ ကောင်းကင်ဓာတ်ပုံ၏ စကေးရှာသော ပုံသေနည်းများနှင့် တွက်ချက်နည်းများကို မှတ်မိအောင် လေ့လာထားရမည်။

RF	=	Representative Fraction (အချိုးစကေး)
PD	=	Photo Distance (ဓာတ်ပုံပေါ်ရှိအကွာအဝေး)
GD	=	Ground Distance (မြေပြင်ပေါ်ရှိအကွာအဝေး)
MD	=	Map Distance (မြေပုံပေါ်ရှိအကွာအဝေး)
f	=	Focal length (ကင်မရာဆိုံတာ)
H	=	Height above terrain (flying height) (မြေပြင်အထက် လေယာဉ်ပျံသန်းသော အမြင့်)
A	=	Altitude (flying height above sea level) (ပင်လယ်ပြင်အထက်လေယာဉ်ပျံသန်းသောအမြင့်)
h	=	terrain elevation (height of terrain) (ကုန်းမြေ၏အမြင့်)
MS	=	Map Scale (မြေပုံ၏စကေး)

RF, PD, GD စသည်တို့ကို သိထားရင် မေးခွန်းပုစ္ဆာမှာပါသော အကြောင်းအရာများကို လိုအပ်သည့်နေရာများတွင် အစားထိုးထည့်သွင်းပြီး ဖြေဆိုရန်သာဖြစ်သည်။

ပုစ္ဆာများ တွက်သည့်အခါတွင် သတိပြုရမည့်အချက်များမှာ အချိုးစကေးတွင် ပိုင်းဝေသည် အစဉ်အမြဲ '၁'ဖြစ်ရမည်။ အချိုးစကေးဖြစ်၍ ပိုင်းဝေနှင့်ပိုင်းခြေ ယူနစ်တူအောင် ညှိပေးရမည်။ ကိုက်ညီမည့် ပုံသေနည်းများကို သုံးရမည်။ ပုံကြမ်းရေးဆွဲပေးလျှင် ပို၍ကောင်းသည်။ ပိုင်းဝေမှာ မြေပုံပေါ်၊ ဓာတ်ပုံပေါ် အကွာအဝေးဖြစ်ပြီး ပိုင်းခြေမှာ မြေပြင်အကွာအဝေးဖြစ်သည်ကိုလည်း သတိပြုပါ။ ထိုအခါ မြေပုံအကွာအဝေးပေးထားပြီး မြေပြင်အကွာအဝေးကို **ပေ၊ ကိုက်၊ မိုင်** စသည်ဖြင့် ရှာခိုင်းလျှင် ပိုင်းဝေနှင့်ပိုင်းခြေ ယူနစ်တူနေ၍ လိုအပ်သောယူနစ်ကိုသာ ပြောင်းပေးရုံဖြစ်သည်ကို သတိပြုပါ။

ကွန်တိုမြေပုံလေ့လာဖြေဆိုခြင်း အပိုင်းတွင် 'က'မှ 'ခ'သို့ ဖြတ်ပိုင်းပုံ ရေးဆွဲခြင်း၊ မြေပုံပါဒေသ၏ ဧရိယာရှာဖွေခြင်း၊ မြေပုံပါဒေသ၏ လတ္တီကျူ၊ လောင်ဂျီကျူ ရှာဖွေခြင်း၊ မြန်မာနိုင်ငံ မည်သည့်ပြည်နယ်၊ တိုင်းအတွင်း တည်ရှိသည်ကို အကြောင်းပြချက်နှင့် ဖြေဆိုခြင်း၊ မြေပုံပါဒေသ၏ ရူပပထဝီဝင်၊ သဘာဝပထဝီဝင်၊ လူမှု-စီးပွားရေးပထဝီဝင်၊ စီးပွားကုန်ထုတ်လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ စသည်ဖြင့် ပါဝင်သည်။

'က'မှ'ခ'သို့ ဖြတ်ပိုင်းပုံရေးဆွဲရာတွင် ထောင်လိုက်စကေးကို ဦးစွာရှာပေးရမည်ဖြစ်၍ ကွန်တိုမြေပုံတွင်ပေးထားသော အလျားလိုက်စကေးကို အသုံးပြုပြီး တွက်ချက်ရှာဖွေရမည်။ ဒေါင်လိုက်စကေးကို ရှာရာတွင် မြေမျက်နှာသွင်ပြင် အနိမ့်အမြင့်ပေါ်လွင်စေရန် ၅ဆမှ ၁၀ဆအထိ ချဲ့သင့်သည်။ စကေးရှာရာတွင် ၁လက်မအပေါ် မူတည်ရှာရသည်။ ရလာသောအဖြေကို ပုံဆွဲရာ၌လွယ်ကူအောင် အနီးဆုံးကိန်းပြည့်ကို ယူရသည်။ ဤရှာနည်းသည် ပုံသေနည်းကဲ့သို့ ဖြစ်နေသည့်အတွက် မည်သည့်စကေးမဆို တွက်နိုင်ရမည် ဖြစ်သည်။

ဒေါင်လိုက်စကေး ရှာရာတွင်-

အလျားလိုက်စကေး ၁လက်မ = ၁မိုင်

ဒေါင်လိုက် အဆချဲ့ခြင်း (၅ဆ)

၁လက်မ x ၅ဆ= ၅လက်မ = ၁မိုင် (၅၂၈၀ ပေ)

၁ လက်မ = (၁ x ၅၂၈၀) / ၅ = ၁၀၅၆ ပေ = ၁၀၀၀ ပေ (အနီးဆုံး)

ထို့ကြောင့် ဒေါင်လိုက်စကေး ၁လက်မ = ၁၀၀၀ ပေ တွက်၍ စကေးရလျှင် ပေးထားသော ဂရပ်ပေါ်၌ ဖြတ်ပိုင်းပုံကို စကေးကိုက် ရေးဆွဲပေးရမည်။ ရေးဆွဲပုံအဆင့်ဆင့်မှာ ပထမဦးဆုံးပေးထားသော ကွန်တိုမြေပုံပေါ်ရှိ 'က'အမှတ်နှင့် 'ခ'အမှတ်တို့ကိုရှာပြီး မျဉ်းဖြောင့်ဆက်ပါ။

ပြီးလျှင်''က'နှင့်''ခ'ဖြတ်သန်းရာမျဉ်းအောက်ရှိ ကွန်တိုမျဉ်းများ၏ အမြင့်ပေများကို မှတ်ရမည်။ ဤသို့မှတ်သည့်အခါ ပေးထားသော ကွန်တိုခြားနားချက်ကို သတိပြုရမည်။ ကွန်တိုမျဉ်းသာမက မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ မြို့၊ ရွာ၊ လမ်းမှအစ အသေးစိတ် မှတ်သားရမည်။

ထို့နောက်''က'နှင့်''ခ'ဖြတ်သန်းရာ မျဉ်းတစ်လျှောက် ကွန်တိုမြေပုံစာရွက်ကို ခေါက်ပါ။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

ပြီးလျှင် ဂရပ်စာရွက်ပေါ်မှာ ပေးထားသော ကွန်တိုမြေပုံ၏ 'က' 'ခ'အလျားအတိုင်း အောက်ခြေအလျားလိုက်မျဉ်းကြောင်းကို တိကျစွာဆွဲပါ။ 'က'နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်းနှင့် 'ခ'နေရာမှ ဒေါင်လိုက်မျဉ်းတစ်ကြောင်း ဆွဲပါ။ ထိုမျဉ်းများသည် အရှေ့ပိုင်းမှ တွက်၍ရထားသော ဒေါင်လိုက်စကေးကို ကိုယ်စားပြုထားသည့်အတွက် ယင်းမျဉ်းများပေါ်တွင် ဒေါင်လိုက်ကိန်းဂဏန်းများ မှတ်သားရမည်။

ခေါက်ထားသော ကွန်တိုမြေပုံစာရွက်ကို မှတ်သားထားသည့် ဂရပ်စာရွက်၏ အောက်ခြေမျဉ်းတွင် 'က' 'ခ'အမှတ်အသား အကွာအဝေးအတိုင်း ဒေါင်လိုက်မျဉ်းနှင့် တစ်ထပ်တည်းကျအောင် ကပ်ပါ။ ပြီးလျှင် ကွန်တိုမြေပုံပေါ်ရှိ အမြင့်ပေများကို ဂရပ်စာရွက်ပေါ်သို့ စကေးကိုက် အမှတ်များချ၍ မှတ်ပါ။

မှတ်ထားသောအစက်များကို ပြေပြစ်သည့်မျဉ်းကြောင်းများ လိုက်ဆက်လျှင် လိုအပ်သော မြေပြင်ပုံပေါ်ထွက်လာမည် ဖြစ်သည်။ ဤကဲ့သို့ ဆွဲသည့်အခါ သတိပြုရမည့်အချက်မှာ 'က' နှင့် 'ခ' ကို ပေါင်း၍ရှိသော နေရာအမြင့်များ၌ မှန်အောင်ရေးရန်လိုသည်။ မြစ်ဝှမ်းကျယ်ပုံဆွဲလျှင် ဇလားပုံ၊ ချောင်းငယ်များ၏ နေရာတွင် V ပုံသဏ္ဌာန် အနည်းငယ်ချိုင့်ပေးရမည် ဖြစ်သည်။ ပုံအတွင်းထင်ရှားသော မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ မြို့၊ ရွာ၊ လမ်း စသည့်နေရာများကို မြားများပြပြီး ဖော်ပြရမည်။ ကုန်းမြေကိုလည်း အနက်(သို့မဟုတ်)အညိုရောင်ခြယ်ပေးသင့်သည်။ ပုံ၏အပေါ်တွင် ခေါင်းစဉ်တပ်ပြီး ပုံ၏အောက်တွင် အလျားလိုက်နှင့် ဒေါင်လိုက်စကေးနှစ်မျိုးစလုံး ဖော်ပြရမည်။

ဆက်လက်ပြီး ပေးထားတဲ့ကွန်တိုမြေပုံ ဖတ်ရှုရေးသားခြင်းအကြောင်းကို လေ့လာကြရအောင်။ ပထမဦးစွာ ကြည့်လျှင် အထက်ဖော်ပြပါ မြေပုံဒေသသည် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်း မုံရွာမြို့၏ ပတ်ဝန်းကျင်ဒေသပုံဖြစ်သည်ကို တွေ့ရမည်။ 'က' အမှတ်အသားသည် ဒေသ၏အနောက်တောင်ထောင့်၌ရှိပြီး 'ခ'အမှတ်အသားသည် ဒေသ၏အရှေ့ဘက်မှာ တွေ့ရသည်။ ထို့ကြောင့် 'က' နှင့် 'ခ' ဖြတ်ပိုင်းပုံကို ဆွဲကြည့်လျှင် အောက်ပါအတိုင်း တွေ့ရလိမ့်မည်။



အလျားလိုက်စကေး ၁" = ၁မိုင်
ဒေါင်လိုက်စကေး ၁" = ၁၀၀၀'

'က'နေရာသည် အမြင့်ပေ ၃၀၀နှင့်၄၀၀ အကြား၌ရှိပြီး တောင်ခြေလွင်ပြင်ပိုင်း ဖြစ်သည်။ တောင်ခြေပိုင်း၌ ချောင်းနှစ်ချောင်း ဖြတ်စီးသည်ကို တွေ့ရသည်။ လက်ပံတောင်းတောင်၏ ပေ၈၀၀ အမြင့်ကို ဖြတ်သန်းသွားပြီး အရှေ့ဘက်ခြမ်းတောင်ခြေသည် ပေ ၃၀၀ ရသည်။ ထိုမှ အရှေ့ဘက်ခြမ်းတစ်ခုလုံးသည် ပေ ၃၀၀နှင့်၂၀၀အကြား အလွန်ကျယ်ပြန့်သော ချင်းတွင်းမြစ်ဝှမ်း လွင်ပြင်ကြီးကို တွေ့ရသည်။ လွင်ပြင်တစ်လျှောက် လှည်းလမ်း၊ ကားလမ်း၊ ရထားလမ်းများကို တွေ့ရသည်။ ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်း၌ မုံရွာမြို့တည်ရှိသည်။ 'ခ' နေရာသည် ပေ ၃၀၀ နှင့် ၂၀၀ အကြား မြေပြန့်လွင်ပြင်ပိုင်း၌ တည်ရှိသည်ကို တွေ့ရသည်။

ကွန်တိုမြေပုံကို ပြန်ကြည့်ပြီး ဒေသန္တရပထဝီဝင်အကြောင်းကို ဆွေးနွေးကြရအောင်။



မြေပုံပါဒေသ၏ တည်နေရာသည် မြောက်လတ္တီကျူ ၂၂° ၄' နှင့် ၂၂° ၉' အကြား၊ အရှေ့လောင်ဂျီကျူ ၉၅° ၄'နှင့် ၉၅° ၉'အကြားတည်ရှိသည်။ ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းရှိ မုံရွာမြို့ပတ်ဝန်းကျင်ဒေသဖြစ်၍ စစ်ကိုင်းတိုင်းတောင်ပိုင်း၌ တည်ရသည်။

ဤဒေသ၏ အကျယ်အဝန်းကို ရှာသောအခါ ပုံအောက်၌ ပေးထားသော အလျားလိုက်စကေး ၁ လက်မ=၁မိုင်ကို အသုံးပြုပြီး ဧရိယာရှာပေးရမည်။ သတိပြုရန်မှာ ပုံ၏အတွင်းပေါင် အလျား၊ အနံကိုသာ တိကျစွာတိုင်းပြီး တွက်ချက်ရမည်ဖြစ်သည်။ ထိုသို့ မြေပုံပါဒေသ၏ မြေပြင်ဧရိယာကို ရှာလိုသည့်အတွက် အလျားနှင့်အနံတို့၏ လက်မများကို ပေးထားသောစကေးအရ မိုင်ဖွဲ့ပြီးမြှောက်မှသာ အဖြေမှန် စတုရန်းမိုင်ရမည်။ အဖြေကို စတုရန်းလက်မနှင့်ပြလျှင် မှားမည်။

ဆက်လက်ပြီး မြေပုံဒေသ၏ မြေမျက်နှာသွင်ပြင်ကို လေ့လာလျှင် ပုံ၏အနောက်တောင်ပိုင်းရှိ တောင်တန်းပိုင်းမှလွဲလျှင် ကျန်ဒေသတစ်ခုလုံးသည် မြစ်ဝှမ်းလွင်ပြင်ပိုင်းဖြစ်သည်ကို တွေ့ရမည်။ တောင်တန်းပိုင်းတွင် လက်ပံတောင်းတောင်သည် အမြင့်ပေ ၁၀၅၇ရှိပြီး တောင်ခြေ၌ ပေ ၃၀၀ ရှိသည်။ ကွန်တိုမျဉ်းစိပ်သည့်အတွက် ဆင်ခြေလျှော မတ်စောက်မည်ဖြစ်သည်။ ကွန်တိုမျဉ်းအနေအထားအရ တောင်တန်းသည် တောင်မြောက်သွယ်တန်းနေသည်။ ချောင်းများတွေ့ရသည့်အတွက် ရေဝေကြောရှိသည်။ ပုံ၏အနောက်မြောက်ဘက်ရှိ ယမားချောင်းနှင့် ချင်းတွင်းမြစ်အကြားတွင် ပေ ၅၀၀ ကျော်မြင့်သော တောင်ကုန်းလေးတစ်ခုကို တွေ့ရသည်။

လွင်ပြင်ပိုင်းကို ချင်းတွင်းမြစ်၏ တစ်ဖက်တစ်ချက်၌ ကျယ်ပြန့်စွာ တွေ့ရသည်။ မြစ်ဝှမ်းလွင်ပြင်အမျိုးအစားဖြစ်ပြီး အမြင့်ပေ ၃၀၀ နှင့် ၂၀၀ အကြား၌ ရှိသည်။

အဓိကမြစ်မှာ ချင်းတွင်းမြစ်ဖြစ်ပြီး ဒေသ၏အလယ်ပိုင်းကို အနောက်မြောက်မှ အရှေ့တောင်သို့ ဖြတ်စီးသည်။ မြစ်ဝှမ်းကျယ်ပြီး မြစ်လယ်၌ ကျွန်းအချို့နှင့် သဲသောင်များကို တွေ့ရသည်။ ချင်းတွင်းမြစ်၏ အဓိကလက်တက်မှာ သဲချောင်းအမျိုးအစားဖြစ်သော ယမားချောင်းဖြစ်ပြီး ကျောက်မျက်ရွာ၏ အထက်နား၌ အနောက်ဘက်မှ စီးဝင်သည်။ ထို့ပြင် ရုံးပင်ရိုးရွာ၏ အထက်နား၌ ချောင်းလက်တက်ကြီး တစ်ခုသည် ချင်းတွင်းမြစ်အတွင်းသို့ အနောက်ဘက်မှစီးဝင်သည်။ မုံရွာမြို့အထက်နား၌ ချောင်းလက်တက်ကြီးတစ်ခုသည် ချင်းတွင်းမြစ်အတွင်းသို့ အရှေ့ဘက်မှစီးဝင်သည်။ လက်ပံတောင်းတောင်တန်းပိုင်းတွင် ချောင်းပြတ်နှစ်ခုကိုလည်း တွေ့ရသည်။

မြေပုံပါဒေသသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းချိုင့်ဝှမ်းဒေသအတွင်း တည်ရှိ၍ အောက်ခံကျောက်သည် သက်နုကျောက်ဖြစ်နိုင်သည်။ လက်ပံတောင်းတောင် ပတ်ဝန်းကျင်ဒေသဖြစ်၍ ကြေးနီထွက်နိုင်သည်။

ဤဒေသသည် လတ္တီကျူတည်နေရာအရ မြန်မာနိုင်ငံ၏ အလယ်ပိုင်း မိုးနည်းရပ်ဝန်းအတွင်း ကျရောက်၍ အပူချိန်များပြီး မိုးရေချိန်လက်မ ၄၀ အောက် ရနိုင်သည်။ ပင်လယ်နှင့်ဝေး၍ အပူချိန်ကွာခြားချက်များပြီး အပူအအေး လွန်ကဲနိုင်သည်။ ချောင်းပြတ်များ၊ သဲချောင်းများတွေ့ရ၍ မိုးနည်းမည်။ ထို့ကြောင့် အပူပိုင်း ခြောက်သွေ့ရာသီဥတု ရရှိမည်။

သဘာဝပေါက်ပင်အနေဖြင့် မိုးနည်းရပ်ဝန်းအတွင်း ကျရောက်၍ ခြောက်သွေ့တောများ ပေါက်နိုင်သည်။ မြေဆီလွှာအနေနှင့် ပိုမြင့်သောအပိုင်း၌ မြေနီသဲဝန်း၊ မြေဝါသဲဝန်း၊ ပိုနိမ့်သော လွင်ပြင်ပိုင်း၌ စနယ်မြေစေးများ ရှိသည်။

မြေပုံပါဒေသ၏ လူမှုရေးပထဝီဝင်ကို ဆက်လေ့လာလျှင် မုံရွာမြို့နှင့် ရွာကြီး အတော်များများကို တွေ့ရသဖြင့် လူနေများမည်။ အထူးသဖြင့် မုံရွာမြို့၌ လူနေအများဆုံးဖြစ်မည်။ ချင်းတွင်းမြစ်၏ ဝဲယာကမ်းနှစ်ဖက်တစ်လျှောက်မှာ လူနေအတော်အသင့် ထူထပ်မည်။ လက်ပံတောင်းတောင်ပေါ်ဒေသတွင်မူ လူနေကျဲပါးမည်။ စစ်ကိုင်းတိုင်းအတွင်း တည်ရှိ၍ ဗမာလူမျိုးအများဆုံးနေထိုင်ပြီး ဗုဒ္ဓဘာသာအများဆုံး ကိုးကွယ်မည်။ အခြားတိုင်းရင်းသားလူမျိုးများလည်း အနည်းငယ်နေထိုင်မည်။ အဓိကမြို့မှာ မုံရွာမြို့ဖြစ်ပြီး ချင်းတွင်းမြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိသည်။ ဆိပ်ကမ်းမြို့ဖြစ်ပြီး ကားလမ်းများဆုံရာနှင့် စစ်ကိုင်း–ဘုတလင် ရထားလမ်းဖြတ်သန်းရာ၌ တည်ရှိ၍ ကုန်စည်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးသောမြို့ကြီးလည်း ဖြစ်သည်။ ရွာများကို ချင်းတွင်းမြစ်ကမ်းနံဘေးတစ်လျှောက်နှင့် ရထားလမ်း၊ ကားလမ်းဘေးတစ်လျှောက်တွင် တွေ့ရသည်။ ရွာအများစုမှာ ရွာစုရွာဝိုင်းများ ဖြစ်သည်။ ဥပမာ–ကျောက်မျက်ရွာ၊ ထနောင်းကုန်းရွာ၊ ဇေကုန်းရွာ၊ ရုံးပင်ရိုးရွာ၊ သာယာကုံးရွာ၊ တောင်ပလူရွာ၊ ကျော်ရွာ၊ ဝက်မေးရွာ၊ ပလောင်ရွာတို့ဖြစ်သည်။ လယ်တီရွာနှင့် ညောင်ပင်ကြီးရွာများမှာ ရွာတန်းရှည်များ ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများထဲတွင် စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကဖြစ်သည်။ အဓိကစိုက်ပျိုးသီးနှံများမှာ မြေပဲ၊ နှမ်း၊ ဝါ၊ စပါး၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ငရုတ်၊ ကြက်သွန်၊ ဆေးရွက်နှင့် ဟင်းသီးဟင်းရွက် စသည်တို့ဖြစ်သည်။ ခိုင်းစေရန်အတွက် ကျွဲ၊ နွား၊ စားသုံးရန်အတွက် ကြက်၊ ဘဲ၊ ဝက်မွေးမြူနိုင်သည်။

ချင်းတွင်းမြစ်နှင့် ချောင်းလက်တက်များအတွင်း ရေချိုငါးဖမ်းလုပ်ကိုင်နိုင်သည်။ ခြောက်သွေ့တောများမှ ဆီး၊ သနပ်ခါး၊ ရှား၊ ထနောင်း၊ ထန်းစသည်တို့ ထုတ်လုပ်နိုင်သည်။ လက်ပံတောင်းတောင်ပတ်ဝန်းကျင်မှ ကြေးနီကို ထုတ်လုပ်နိုင်သည်။ မုံရွာမြို့ကြီးတွင် ဆီစက်၊ ဆန်စက်၊ သစ်စက်၊ ပဲခွဲစက်၊ အထည်ရက်လုပ်ငန်းနှင့် ဆေးပေါ့လိပ်လုပ်ငန်းများ စသည်တို့ လုပ်ကိုင်နိုင်သည်။

မြေပုံပါဒေသသည် မြေပြန့်လွင်ပြင်ပေါ်များခြင်း၊ ဒေသထွက်ကုန် ပေါ်များခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ မုံရွာမြို့သည် ကားလမ်း၊ ရထားလမ်း ဖြတ်သန်းဆုံရာမြို့ကြီးဖြစ်သည်။ မုံရွာမြို့မှ ဘုတလင်၊ သာစည်၊ အရာတော်နှင့် စစ်ကိုင်းသို့လည်းကောင်း၊ မုံရွာအနောက်ဘက်ရှိ ညောင်ပင်ကြီးရွာမှတစ်ဆင့် အနောက်ဘက် ယင်းမာပင်သို့လည်းကောင်း၊ တောင်ဘက် ဆားလင်းကြီးသို့လည်းကောင်း ကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်သည်။ ရထားလမ်းအနေဖြင့် မုံရွာမြို့မှ မြောက်ဘက် ဘုတလင်၊ တောင်ဘက် စစ်ကိုင်းသို့ ဆက်သွယ်ထားသည်။ တစ်ရွာမှ တစ်ရွာသို့ လှည်းလမ်း၊ လူသွားလမ်းဖြင့်လည်း ဆက်သွယ်သွားလာနိုင်သည်။ ရေကြောင်းလမ်းအနေဖြင့် ချင်းတွင်းမြစ်သည် အရေးပါပြီး သင်္ဘောများ၊ စက်တပ်လှေများ၊ သမ္ဗန်များ၊ လှေများဖြင့် သွားလာနိုင်သည်။

ဤဒေသသည် မြေပြန့်လွင်ပြင်ပေါ်များခြင်း၊ ဒေသထွက်ကုန်ပေါ်များခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းတို့ကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေး ဖွံ့ဖြိုးတိုးတက်သည့်အပြင် စီးပွားရေးလုပ်ငန်းအနေနှင့် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ များစွာရှိကြောင်း လေ့လာသုံးသပ်နိုင်သည်။

ဤအချက်အလက်များသည် ဒေသတစ်ခု၏ ဒေသန္တရပထဝီဝင်အနေဖြင့် ခြုံငုံသုံးသပ်ပေးထားခြင်းဖြစ်သည်။ စာမေးပွဲအတွက် အချိန်ကိုင်ငဲ့သောအနေနှင့် ရူပပိုင်း၊ သဘာဝပိုင်း၊ လူမှုရေးပိုင်း၊ လူမှု–စီးပွားရေးပိုင်း၊ စီးပွားရေးလုပ်ငန်းပိုင်း၊ စီးပွားကုန်ထုတ်လုပ်ငန်းပိုင်း စသည်ဖြင့် အပိုင်းများ ခွဲမေးတတ်သည့်အတွက် မေးခွန်းကိုသတိပြုပြီး ဖြေဆိုကြရန် အကြံပြုလိုက်ပါသည်။ ။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၂၀)
ရန်ကုန်တိုင်းတရားရုံး၌
၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၅၃၉

ဒေါ်မိုမိုရှိန် **နှင့်** ဦးဝေမင်းထွန်း
တိုက်အမှတ် ၂၂၂၊ ၄-လုံးတန်း အမှတ်၂၈၁(က)၊(၄-ဃ)
၆ရပ်ကွက်၊ ရန်ကင်းမြို့နယ်။ အလယ်ရွှေဂုံတိုင်ရပ်ကွက်
ဗဟန်းမြို့နယ်။

တရားလို **တရားပြိုင်**

အထက်အမှုမှ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ အမှတ်၂၈၁(က)(၄-ဃ)နေ ဦးဝေမင်းထွန်း (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မိုမိုရှိန်က ယာဉ်အမှတ်-၅ခ/၆၁၅၂ နီဆန်း RJ Air Con Bus ကားဖိုးငွေကျပ် ၁၈၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာ့ရှစ်ဆယ်တိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် မတ်လ ၁၅ရက်(၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ရက်)နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၂၅ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညွန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)၊ ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့ ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာန အစာစပ်စက်ရုံအတွက် လိုအပ်သော တိရစ္ဆာအစာကုန်ကြမ်းနှင့် ဖြည့်စွက်ဆေးဝါးများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၅-၃-၂၀၀၆ရက် ညနေ ၁၆:၀၀ နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ်၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏ သားဖြစ်သူ မောင်ဇော်မင်းထူး ၁၂/ရကန(နိုင်)၀၇၃၂၇၃ သည် မိဘဆွေမျိုးများ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ခွင့်မလွှတ်နိုင်သောအပြုအမူကို ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဒေါ်စန္ဒာ
၁၂/ရကန(နိုင်)၀၁၅၂၅၁။

ရွှေဘိုမြို့ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးကြိုတင် ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးသိန်းထွန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။
(မြို့နယ် စည်ပင်)

ကောင်းခါးမြို့ မဟာဓမ္မရံသီ ရန်အောင်စေတီ ပထမအကြိမ် ဗုဒ္ဓါဘိသေကအနေကဇာတင်

ကွတ်ခိုင် ဖေဖော်ဝါရီ ၁၅

ကွတ်ခိုင်မြို့နယ် အထူးဒေသ(၅) ကောင်းခါးမြို့ သရိမန္တာကုန်းတော်ရှိ မဟာဓမ္မရံသီရန်အောင်စေတီတော်၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၅နာရီကကျင်းပပြီး အသံမစဲပဋ္ဌာန်းဒေသနာတော်မြတ် ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှဗိုလ်မှူးကြီးစံရွှေသာက သာသနာရေးဆိုင်ရာနှင့်စပ်လျဉ်း၍ လျှောက်ထားပြီး အလှူတော်ငွေ ပေးအပ်ပွဲကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစံရွှေသာက စေတီတော်ဘက်စုံပြုပြင်မွမ်းမံရန် ငွေကျပ်၁၀သိန်း၊ ဝေယျာဝစ္စ အလှူတော်ငွေကျပ် ၂၄၀၀၀နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။ ဆက်လက်၍ ဝေယျာဝစ္စအလှူ တော်ငွေအဖြစ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက အလှူတော်ငွေကျပ် တစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများ၊ ကောင်းခါးမြို့မှ ဦးဇော်ယွမ်က အလှူတော်ငွေကျပ်သိန်း၂၀နှင့် လှူဖွယ်ပစ္စည်းများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသက်လွင်က အလှူတော်ငွေကျပ် ၅၀၀၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အလှူတော်ငွေကျပ်၂၀၀၀၀၊ မြို့နယ်မီးခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အလှူတော်ငွေကျပ် ၅၀၀၀၊ အမျိုးသမီးရေးရာအဖွဲ့က အလှူတော်ငွေကျပ် ၅၀၀၀နှင့် ဌာနဆိုင်ရာများက အလှူတော်ငွေကျပ် ၁၁၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အ ရာ တော် မြို့ နယ် တွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသော အိုင်လျှားကျေးရွာ နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ဇန်နဝါရီ၁၅ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

မူဆယ်မြို့၌ ကျေးလက်လမ်းတိုးချဲ့ဖောက်လုပ်

မူဆယ် ဖေဖော်ဝါရီ ၅

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် အင်ဂျင်နီယာမှူး ဦးကျော်ဖေယျတို့သည် ဇန်နဝါရီ ၂၂ရက် နံနက် ၉နာရီက မူဆယ်မြို့နယ် ပွိုင့် ၄၅၆၁ တောင်ကုန်းမှ မော်တောင်းရွာသွား ကျေးလက်မြေသားလမ်းကို စည်ပင်သာယာရေးအဖွဲ့ပိုင် စက်ယန္တရားများဖြင့် တိုးချဲ့ဖောက်လုပ်နေမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြသည်။ မူဆယ်မြို့နယ် ပွိုင့် ၄၅၆၁ တောင်ကုန်းမှ မော်တောင်းရွာသွားကျေးလက် မြေသားလမ်းသည် အရှည် ၅ဒသမ ၇၀မိုင်၊အကျယ် ပေ ၃၀ ရှိပြီး စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ်သိန်း ၁၄၀ကျော်ဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မအူပင်မြို့နယ် သုံးခွအုပ်စု ပန်းပဲစုကျေးရွာ သုတအလင်း စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်များ လှူဒါန်းပွဲတွင် အလှူရှင် ဦးဇော်မြင့် ဒေါ်စိန်မြိုင် မိသားစုက ဆရာတော် ဦးဃောသိတ၏ ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော် ဗီစီဒီ ၁၄ချပ်နှင့် ကျေးရွာသာရေးနာရေး ဇရပ်ဆောက်လုပ်ရန် အလှူငွေကျပ်တစ်သိန်းကို ကျေးရွာသာရေးနာရေးအဖွဲ့ခေါင်းဆောင် ဦးမောင်ကြီးထံ ပေးအပ်စဉ်။
(က-ပ)

ကဝမြို့နယ်ခန်းမလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကဝ ဖေဖော်ဝါရီ ၁၀

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သော မြို့နှင့်ကျေးရွာများ ဆက်သွယ်ထားသည့် ခန်းမလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က အဆိုပါ လမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထူးတို့က ခန်းမလမ်းကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၂၄၀)**

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေး ဟောပြော

လှည်းကူး ဖေဖော်ဝါရီ ၂

လှည်းကူးမြို့မဈေးကြီးတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး ဈေးဆိုင်ခန်းများအား စစ်ဆေးခြင်း၊ ဈေးသူဈေးသားများအား ပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခြင်းတို့ကို ဇန်နဝါရီ၃၁ရက်က ကျင်းပရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်ခင်အေးမြင့်ရီနှင့် မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးအောင်ရဲမင်းတို့ ဆွေးနွေးသရုပ်ပြကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော့မောင်မောင်တို့ ဇန်နဝါရီ ၁၇ရက်က စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မော်လိုက်-ကလေးဝ ကားလမ်း အဝင် မုခ်ဦးအတွင်း ပန်းအလှပင်များ စိုက်ပျိုးမှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ မိုင်းဖြတ်၌ အရည်အသွေးမြင့်မားရေး သင်တန်းဖွင့်

မိုင်းဖြတ် ဖေဖော်ဝါရီ ၁၈

မိုင်းဖြတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များ အရည်အသွေးမြင့်မားရေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ် ချောစုမျိုးညွှန့်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေနှင့် သင်တန်းဆရာမများက အမျိုးသမီးများအား အရည်အသွေး မြင့်မားရေးပို့ချဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် ခေမာလမ်းမြို့တွင်းလမ်း၌ ချိုင့်ခွက်များ ပြုပြင်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်ရာသို့ ဇန်နဝါရီ၂၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူဝင်းက ကြီးကြပ်ပေးစဉ်။
(မြို့နယ်စည်ပင်)

၂၀၀၅–၂၀၀၆ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အားပေး

ပေးအပ်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တစ်ဦးချင်းနှင့် အသင်းလိုက် အကြိုးစားဆုံးဆုရသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၇

၂၀၀၅–၂၀၀၆ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း (Yadagun Taung Golf Resort)၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက်ကြသည်။

ပါဝင်ကစား

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်တို့က Tracer Ball များရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး အဖွဲ့ဝင်များနှင့်အတူ ဂေါက်သီးရိုက်ပြိုင်ပွဲကို ပါဝင်ကစားကြသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်း ၁၅ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများသည် ၂၀၀၅–၂၀၀၆ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့၁၀ကျင်းကို စတင်ယှဉ်ပြိုင်ကြပြီး ညနေပိုင်းတွင် ပထမနေ့ပြိုင်ပွဲကို ရပ်နားလိုက်သည်။

ဆက်လက်ကျင်းပ

၂၀၀၅–၂၀၀၆ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၆နာရီတွင် မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ **စာမျက်နှာ ၉ ကော်လံ ၅** ■

ထူးခြားသည့် ညအပူချိန်

၂၇–၂–၂၀၀၆

ပင်လောင်း	၆ ဒီဂရီစင်တီဂရိတ်
လားရှိုး	၇ ဒီဂရီစင်တီဂရိတ်

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရဲနွယ် ရေလှောင်တမံ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရဲနွယ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး နိုင်ငံတော်အတွက် များစွာအကျိုးရှိမည့်စီမံကိန်းဖြစ်၍ စံချိန်စံညွှန်းနှင့်အညီ ပေါင်းစပ်ဆောင်ရွက် စိုက်ပျိုးရေပေးဝေရေးနှင့် သတ်မှတ်ချိန်အတွင်း ဓာတ်အားပြန့်ဝေပေးရေး ဆွေးနွေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၇

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၇ နာရီ မိနစ် ၄၀တွင် မော်တော်ယာဉ်များဖြင့် ပဲခူးတိုင်း ပဲခူးမြို့နယ် ပေါက်တောကျေးရွာရှိ နွေစပါးဧက ၁၄၄၅ စိုက်ကွင်းသို့ရောက်ရှိကြရာ စိုက်ကွင်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက တောင်သူရေလွှဲဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ပျိုးမှု၊ ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်တို့၌ ဇောင်းတူဆည်ရေဖြင့် နွေစပါးဧက ၁၅၀၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယခင်နှစ်က ဧက ၆၀၀၀ သာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ဧကတစ်သောင်း စိုက်ပျိုးပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❐